မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၈၂ ၂၀၁၃ ခု၊ အောက်တိုဘာလ

- ရခိုင်ပြည်နယ်သံတွဲမြို့နယ်မှ ဘာသာရေးအကြမ်းဖက်မှုများကြောင့် ၇ ဦး သေဆုံးပြီးလူ ၄၈၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကာ အိမ်အလုံး ၁၁၀ နှင့်ဗလီ ၂ လုံး တို့အဖျက်ဆီးခံခဲ့ကြရသည်။

- ယခင်ဖြစ်ပွားခဲ့သောအုပ်စုလိုက်အကြမ်းဖက်မှုများမှာကဲ့သို့ပင် ပစ်မှတ်ထားတိုက်ခိုက်ခံခဲ့ကြရသည့် တရားဝင်အသိအမှတ်ပြုထားသောတိုင်းရင်းသားအုပ်စုတခုဖြစ်သည့် ကမန်မွတ်စလင်များအားရဲများမှအကာအကွယ်ပေးရန်ပျက်ကွက်ခဲ့ကြသည်။

- ရခိုင်အမျိုးသားတိုးတက်ရေးပါတီဝင်များနှင့် '၉၆၉' လှုပ်ရှားမှုအားထောက်ခံသူများအပါအဝင်လူ ၇၈ ဦးတို့အားအကြမ်းဖက်မှုများနှင့်ပတ်သက်၍ အစိုးရအာဏာပိုင်များကဖမ်းဆီးလိုက်သည်။

- UN အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကမြန်မာနိုင်ငံတွင်ဖြစ်ပွားနေဆဲဖြစ်သော လူ့အဖွဲ့အစည်းကြားအကြမ်းဖက်မှုများအပေါ်စိုးရိမ်ပူပန်ကြောင်းထုတ်ဖော်ပြောကြားလိုက်သည်။

- အစိုးရနှင့်ကချင်လွတ်မြောက်ရေးအဖွဲ့တို့သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အဆင့်အထိ မရောက်ရှိနိုင်ခဲ့သေးသော် လည်းနောက်ထပ်တိုက်ပွဲများမဖြစ်ပွားစေရန်အတွက် ညှိနှိုင်းလုပ်ဆောင်သွားကြရန်ကတိပြုခဲ့ကြသည်။

- ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တွင် တပ်မတော်ထိုးစစ်များဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အစိုးရတပ်များကအရပ်သားများအားပစ်မှတ်ထားကာ အိုးအိမ်များမှစွန့်ခွာခဲ့စေပြီး အချို့အားပေါ်တာများအဖြစ်နှင့်လူသားဒိုင်းများအဖြစ်ပြုလုပ်ရန် အတင်းအကြပ်ခိုင်းစေခဲ့ကြသည်။

- အစိုးရမှနိုင်ငံရေးအကျဉ်းသား ၅၆ ဦးကိုလွှတ်ပေးခဲ့ကာအနည်းဆုံး ၁၃၅ ဦး အကျဉ်းထောင်များအတွင်းတွင်ရှိနေဆဲဖြစ်ပါသည်။ အစိုးရအာဏာပိုင်များက ငြိမ်းချမ်းစွာဆန္ဒပြသူ ၃ ဦးအားထောင်ချအပစ်ပေးခဲ့သည်။

ဤသတင်းလွှာတွင်

ပင်မသတင်း
၂ ဘာသာရေးအကြမ်းဖက်မှုများဆက်လက်ဖြစ်ပွား
၂ "၉၆၉" နှင့်ရခိုင်ပါတီတို့ပါဝင်ပတ်သက်နေ
၃ မွတ်စလင်ဘာသာဝင်များထပ်မံထောင်ချခံရ
၃ ဦးသိန်းစိန်ကပြင်ပမှသူများအားအပစ်တင်
၃ UN, US, နှင့် ASEAN ဆက်နွယ်မှုများ
မြန်မာနိုင်ငံပြည်တွင်းသတင်းများ
၄ မြန်မာနိုင်ငံအနှံ့ဗုံးများပေါက်ကွဲ
၅ ကချင်ပြည်နယ်တွင်အပစ်မရပ်သေး
၅ တပ်မတော်၏ထိုးစစ်နှင့်အကြမ်းဖက်မှုများ
၆ အစိုးရနှင့် KNPP သဘောတူညီချက်
၇ မုံရွာမိုင်းအားဆန့်ကျင်မှုများ
၇ SEZ အပေါ်စိုးရိမ်မှုများတိုးပွားလာ
၈ လွှတ်တော်အစည်းအဝေးပြန်လည်ကျင်းပ
လူ့အခွင့်အရေး
၈ ရိုဟင်ဂျာ ၇၂ ဦးထောင်ချခံရ
၈ ဆန္ဒပြသူများနောက်ထပ်ထောင်ချခံရ
၉ နိုင်ငံရေးအကျဉ်းသား ၅၆ ဦးလွတ်မြောက်
၉ အိုဂျေကွင်တားနား၏အစီရင်ခံစာ
နိုင်ငံတကာ
၁၀ ဒေါ်စု၏ဥရောပခရီးစဉ်
၁၁ မြန်မာမှအာဆီယံဥက္ကဋ္ဌအဖြစ်စတင်တာဝန် ယူ
စီးပွားရေး
၁၂ စွမ်းအင်လုပ်ကွက်သဘောတူစာချုပ်
၁၂ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ
၁၅ အစီရင်ခံစာများ

- မြန်မာနိုင်ငံဆိုင်ရာ UN လူ့အခွင့်အရေးအထူးကိုယ်စားလှယ်သော မတ်စ်အိုဂျေကွင်တားနားက "လူ့အခွင့်အရေးဆိုင်ရာလိုအပ်ချက် များ" နိုင်ငံတွင်းတွင်ရှိနေဆဲဖြစ်သည်ဟု ပြောကြားလိုက်ပါသည်။

- ရခိုင်ပြည်နယ်မောင်တောမြို့နယ်တွင် ၂၀၁၂ခုနှစ်ဇွန်လက ဖြစ်ပွား ခဲ့သောအထိကရုဏ်းတွင် ပါဝင်ပတ်သက်ခဲ့၍ဟူသော စွပ်စွဲချက်ဖြင့် ရိုဟင်ဂျာ ၇၂ ဦးအားအစိုးရမှထောင်ဒါဏ်ချမှတ်အပစ်ပေးခဲ့သည်။

- ပဲခူးတိုင်း၊ရန်ကုန်တိုင်း၊မန္တလေးတိုင်း၊စစ်ကိုင်းတိုင်းနှင့်ရှမ်းပြည်နယ်တို့တွင် ဗုံးပေါက်ကွဲမှု ၉ ကြိမ်နှင့်ဖောက်ခွဲရန်ကြိုးပမ်းမှုအနည်းဆုံး ၄ ကြိမ်ဖြစ်ပွားခဲ့သည်။

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

ပင်မသတင်းများ

ဘာသာရေးအကြမ်းဖက်မှုများဆက်လက်ဖြစ်ပွား

စက်တင်ဘာ ၂၉ ရက်ကစတင်ဖြစ်ပွားခဲ့သော ဘာသာရေးအကြမ်းဖက်မှုများသည် အောက်တိုဘာလအစောပိုင်းတွင် ရခိုင်ပြည်နယ်သံတွဲမြို့နယ်တွင်း၌ ဆက်လက်ပျံ့နှံ့နေခဲ့သည်။ တိုက်ခိုက်မှုများသည် တရားဝင်အသိအမှတ်ပြုထားသောကမန်တိုင်းရင်းသားအုပ်စုဝင် မွတ်စလင်များအားအဓိကပစ်မှတ်ထားခဲ့ကြသည်။ အကြမ်းဖက်မှုများကြောင့်လူလေးဦးသေဆုံးခဲ့ရပြီးလူ ၄၈၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကာအိမ်အလုံး ၁၁၀ နှင့်ဗလီ ၂ ခုတို့ဖျက်ဆီးခံခဲ့ရသည်။ ထို့အပြင်ရောဝတီတိုင်းကျောင်းကုန်းမြို့နယ်တွင်လည်း မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်ဟု သတင်းများရရှိခဲ့သည်။ ယခင်ဖြစ်ပွားခဲ့သောဘာသာရေးအကြမ်းဖက်မှုများမှာကဲ့သို့ပင် ပစ်မှတ်ထားတိုက်ခိုက်ခံခဲ့ကြရသူများအားရဲများမှအကာအကွယ်ပေးရန်ပျက်ကွက်ခဲ့ကြသည်။

- **အောက်တိုဘာ ၁** - ရခိုင်ပြည်နယ်သံတွဲမြို့နယ်မှ ကျေးရွာ ၇ ရွာတို့တွင် ဗုဒ္ဓဘာသာဝင်ရာပေါင်းများစွာပါဝင်သောအုပ်စုတခုက မွတ်စလင်ဘာသာဝင်များ၏ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ တိုက်ခိုက်များကြောင့်အသက် ၉၄ နှစ်အရွယ်အဖွားအိုတဦးအပါအဝင် မွတ်စလင် ၅ ဦး သေဆုံးခဲ့ရသည်။ လင်းသီကျေးရွာတွင်ဒေသခံမွတ်စလင်များက ဗုဒ္ဓဘာသာဝင်အမျိုးသား ၂ ဦးအားသတ်ဖြတ်ခဲ့ကြသည်။ အစိုးရအာဏာပိုင်များကမူလကတည်ရှိပြီးဖြစ်သော ည ၆ နာရီခွဲမှမနက် ၄ နာရီခွဲ ညမထွက်ရအမိန့်ကို ည ၆ နာရီမှမနက် ၆ နာရီသို့တိုးမြှင့်လိုက်သည်။
- **အောက်တိုဘာ ၂** - ရခိုင်ပြည်နယ်သံတွဲမြို့နယ်တွင် မွတ်စလင်ဘာသာဝင်များပိုင်ဆိုင်သောအိမ်များကို မီးရှို့တိုက်ခိုက်မှုများမကြာခဏဖြစ်ပေါ်နေသည်ဟု သတင်းများရရှိခဲ့ပါသည်။
- **အောက်တိုဘာ ၆** - မွတ်စလင်ဘာသာဝင်အမျိုးသားတဦးက ၁၄ နှစ်အရွယ်ဗုဒ္ဓဘာသာဝင်မိန်းကလေးတဦးအား အဓမ္မပြုကျင့်ရန်ကြိုးပမ်းခဲ့သည်ဟူသော သတင်းများထွက်ပေါ်လာအပြီးတွင် ဧရာဝတီတိုင်းကျောင်းကုန်းမြို့နယ်မှ မွတ်စလင်ဘာသာဝင်များပိုင်ဆိုင်သည့် အိမ်များအားဗုဒ္ဓဘာသာဝင်လူအုပ်စုများကဖျက်ဆီးခဲ့ကြသည်။ နောက်တနေ့တွင် တိုက်ခိုက်မှုများ၌ဆက်စပ်ပါဝင်ခဲ့သူလူငါးဦးကို ရဲများကဖမ်းဆီးလိုက်သည်။

'၉၆၉' နှင့်ရခိုင်ပါတီများ မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများတွင်ပါဝင်ပတ်သက်နေ

နောက်ဆုံးတိုက်ခိုက်မှုများမဖြစ်ပေါ်ခင်ရက်အနည်းငယ်အတွင်းတွင် ထိုဒေသအတွင်း၌အမျိုးသားရေးသီချင်းများဖွင့်ခြင်း၊ '၉၆၉' စီဒီခွေများ၊ စတစ်ကာများ၊ လက်ကမ်းကြော်ငြာများဖြန့်ဝေခြင်း စသည်တို့ကိုပြုလုပ်ခဲ့ခြင်းအားဖြင့် မွတ်စလင်ဆန့်ကျင်ရေး '၉၆၉' လှုပ်ရှားမှုအဖွဲ့ဝင်များသည် မွတ်စလင်ဆန့်ကျင်ရေးစိတ်ဓါတ်များတိုးပွားလာစေရန် မီးထိုးပေးခဲ့ကြသည်။ အောက်တိုဘာလ ၃ ရက်နေ့တွင် အစိုးရမှထုတ်ဝေသော New Light of Myanmar သတင်းစာက ဒေသခံဗုဒ္ဓဘာသာဝင်များသည် တိုက်ခိုက်မှုများမှရှောင်ရှားနိုင်ရန်အတွက် သူတို့၏အိမ်များဈေးဆိုင်များအပြင်ဖက်တွင် ဘာသာရေးအလံများလွှင့်ထူထားကြသည်ဟု သတင်းဖော်ပြထားသည်။ သံတွဲမြို့နယ်မှတိုက်ခိုက်မှုများအတွင်း သတ်ဖြတ်မှုများနှင့်လူစုလှုံ့ဆော်မှုများတွင် ဒေသခံရခိုင်အမျိုးသားတိုးတက်ရေးပါတီ (RNPP) မှပါတီဝင်များပါဝင်ပတ်သက်ကြသည်ဟု ဒေသခံမွတ်စလင်ဘာသာဝင်များကလည်း ပြောဆိုကြသည်။

အောက်တိုဘာ ၁၃ ရက်နေ့တွင် New Light of Myanmar သတင်းစာက သံတွဲမြို့နယ်တွင် အကြမ်းဖက်မှုများနှင့်ဆက်စပ်၍ လူ ၇၈ ဦးအားအစိုးရမှဖမ်းဆီးထားသည်ဟု သတင်းများဖော်ပြခဲ့သည်။ အာဏာပိုင်များက ဗုဒ္ဓဘာသာရောမွတ်စလင်အသိုင်းအဝိုင်းနှစ်ခုလုံးမှသူများအား ဖမ်းဆီးခဲ့သည်။ ထိုဖမ်းဆီးထားသူများထဲတွင် သံတွဲမြို့နယ် RNPP ဥက္ကဋ္ဌ ဦးမောင်ပုနှင့် '၉၆၉' လှုပ်ရှားမှုထောက်ခံသူများအပါအဝင် RNPP ပါတီဝင်တော်တော်များများပါဝင်ကြသည်။

မွတ်စလင်ဘာသာဝင်များထပ်မံထောင်ချခံရ

မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများအား စတင်ဖြစ်ပွားစေခဲ့သောအဖြစ်အပျက်များတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲခံထားရသည့် မွတ်စလင်ဘာသာဝင်များအတွက် အလျင်စလိုတရားစွဲဆိုအမှုစစ်ဆေးမှုများကို အစိုးရမှဆက်လက် လုပ်ဆောင်နေခဲ့ကြသည်။ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ်သံတွဲမြို့တရားရုံးတခုမှ ဇွန်လ ၂၉ ရက် နေ့က ၁၅ နှစ်အရွယ်ရခိုင်အမျိုးသမီးငယ်တဦးအား မုဒိမ်းပြုကျင့်ခဲ့သည်ဟူသောစွဲဆိုချက်ဖြင့် ဒေသခံမွတ်စလင် ၂ ဦး အား ထောင်ဒဏ် ၁၅ နှစ်စီချမှတ်ခဲ့သည်။ ထိုမုဒိမ်းပြုကျင့်ခဲ့သည်ဟူသောသတင်းသည်ဇွန်လကုန်ပိုင်းက သံတွဲမြို့တွင် ပထမအကြိမ်မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများကို စတင်ဖြစ်ပွားစေခဲ့သည်။ ထိုကိစ္စနှင့်ဆန့်ကျင်စွာပင် ထိုပြဿနာ များတွင်ဆက်စပ်ပါဝင်ခဲ့သည့် ဗုဒ္ဓဘာသာဝင်များအားတရားစွဲဆိုအမှုစစ်ဆေးသည်ဆိုသော သတင်းကိုမူအောက်တိုဘာ လ ၃၁ ရက်နေ့အထိမကြားသိရသေးပေ။

ဦးသိန်းစိန်ရခိုင်ပြည်နယ်သို့သွားရောက်၊ အကြမ်းဖက်မှုများအတွက် ပြင်ပမှသူများအားပစ်တင်ပြောကြား

အောက်တိုဘာလ ၁ ရက်နေ့တွင်သမ္မတဦးသိန်းစိန်သည် သုံးရက်တာခရီးစဉ်အတွက် ရခိုင်ပြည်နယ်စစ်တွေမြို့သို့ ရောက်ရှိလာခဲ့သည်။ ထိုခရီးစဉ်သည် ၂၀၁၂ ခု ဇွန်လတွင် ဘာသာရေးအကြမ်းဖက်မှုများစတင်ဖြစ်ပွားပြီးကတည်းက ရခိုင်ပြည်နယ်သို့ သူ၏ပထမဆုံးခရီးစဉ်ပင်ဖြစ်ပါသည်။ ဦးသိန်းစိန်၏ခရီးစဉ်အား နောက်ဆုံးအကြမ်းဖက်မှုများမဖြစ်ပွား ခင်ကတည်းက စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။

- **အောက်တိုဘာ ၁** - ဦးသိန်းစိန်သည် စစ်တွေ၊မြောက်ဦး၊ကျောက်ဖြူ၊ကျောက်တော်နှင့်မောင်တောမြို့နယ်များသို့သွား ရောက်ခဲ့ကာ ထိုဒေသများတွင်ဗုဒ္ဓဘာသာနှင့်မွတ်စလင်ဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ကာ နောက်ထပ်သွေးထွက်သံယိုမှုများမဖြစ်ပွားစေရန်အတွက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကြပါရန်တိုက်တွန်းပြော ကြားခဲ့သည်။
- **အောက်တိုဘာ ၂** - ဦးသိန်းစိန်သည်သံတွဲမြို့သို့သွားရောက်ခဲ့သည်။ သူသည်မြို့နယ်တွင်းမှ အထိကရုဏ်းဒဏ်ခံခဲ့ရ သည့်နေရာများသို့မသွားရောက်ခဲ့ပဲ ပေလီကမ်းခြေမှဟော်တယ်ပိုင်ရှင်များနှင့်တွေ့ဆုံကာ ဟော်တယ်ဇုံများတိုးချဲ့ရေး အတွက်ညွှန်ကြားမှုများပြုလုပ်ခဲ့သည်။
- **အောက်တိုဘာ ၃** - သံတွဲမြို့တွင်ဗုဒ္ဓဘာသာရခိုင်နှင့်ကမန်မွတ်စလင် ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့စဉ်အတွင်း ဦးသိန်း စိန်က နောက်ဆုံးဖြစ်ပွားခဲ့သောအကြမ်းဖက်မှုများအတွက်တာဝန်ရှိသူ ဆူပူလှုံ့ဆော်သူများမှာပြင်ပမှသူများဖြစ်နိုင် သည်ဟုပြောကြားလိုက်သည်။

UN နှင့် US တို့ကစိုးရိမ်ပူပန်၊ အာဆီယံက မလှုပ်မရှက်

သံတွဲမြို့မှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများဖြစ်ပွားအပြီးတွင် UN နှင့် US တို့ကစိုးရိမ်ပူပန်မိကြောင်းထုတ်ဖော် ပြောကြားသော်လည်း အာဆီယံကမူထိုကိစ္စများပေါ်တွင်ထုံးစံအတိုင်းအသံတိတ်နေခဲ့သည်။

- **အောက်တိုဘာ ၁** - နယူးယောက်တွင် အစိုးရနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့်တွေ့ဆုံခဲ့စဉ်၌ UN အထွေထွေ အတွင်းရေးမှူးချုပ်ဘန်ကီမွန်းက နောက်ဆုံးဖြစ်ပွားခဲ့သောအကြမ်းဖက်မှုများနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်းထုတ်ဖော် ပြောကြားခဲ့ကာ ထိခိုက်ခံရနိုင်သောလူထုအသိုင်းအဝိုင်းကိုကာကွယ်ပေးရန်၊ အကြမ်းဖက်မှုများ၏အခြေခံအကြောင်း တရားကိုကိုင်တွယ်ဖြေရှင်းရန်နှင့် ကျူးလွန်သူများကိုတရားမျှတမှုရှိစေရန်အတွက်အရေးယူဆောင်ရွက်ပေးပါရန်တိုက် တွန်းလိုက်ပါသည်။
- **အောက်တိုဘာ ၂** - ရန်ကုန်မှအမေရိကန်သံရုံးက ကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ အကြမ်းဖက်မှုများအပေါ် အထူးစိုးရိမ်ပူပန်ကြောင်းထုတ်ဖော်ပြောကြားလိုက်ပြီး ကျူးလွန်သူများကိုအရေးယူပါရန်၊ လူ့အဖွဲ့အစည်းများအကြား ရင်ကြားပြန်လည်စေ့ရေးတိုးမြှင့်လုပ်ဆောင်ပါရန်နှင့် လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့်လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးပို့နိုင်ရေးတို့ကို သေသေချာချာတည်ရှိလာအောင်ပြုလုပ်ပါရန် အစိုးရအားတောင်းဆိုလိုက်သည်။

ငှင်းနှင့်ဆန့်ကျင်စွာပင် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆီရီဘက်ဂါဝမ်တွင် အောက်တိုဘာ ၉ ရက်မှ ၁၀ ရက်အတွင်းပြုလုပ်သည့် အာဆီယမ်ထိပ်သီးဆွေးနွေးပွဲနှင့် အခြားဆက်စပ်သောအစည်းအဝေးများအတွင်း နိုင်ငံအတွင်းဆက်လက်ဖြစ်ပွားနေသောဘာသာရေးအကြမ်းဖက်မှုပြဿနာများနှင့်ပတ်သက်၍ မြန်မာအစိုးရအားအာဆီယမ်အဖွဲ့ဝင်နိုင်ငံများမှ ဖိအားပေးသွားမည်မဟုတ်ကြောင်း အာဆီယမ်အထွေထွေအတွင်းရေးမှူးချုပ်လီလူအွန်မင်း Le Luong Minh ကပြောကြားလိုက်သည်။

မြန်မာနိုင်ငံပြည်တွင်းသတင်းများ

မြန်မာနိုင်ငံအနှံ့ဗုံးပေါက်ကွဲမှုများအတွင်းသုံးဦးသေဆုံး

အောက်တိုဘာ ၉ ရက်မှ ၁၇ ရက်အတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် ဗုံးပေါက်ကွဲမှု ၉ ကြိမ်နှင့်ဖောက်ခွဲရန်ကြိုးပမ်းမှု အနည်းဆုံး ၄ ကြိမ်ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်များသည် ပဲခူး၊ရန်ကုန်၊မန္တလေး၊စစ်ကိုင်းတိုင်းများနှင့်ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သတင်းများရရှိခဲ့သည်။ ထိုတိုက်ခိုက်မှုများအတွင်း သုံးဦးသေဆုံးပြီးအများအပြားဒါဏ်ရာရရှိခဲ့သည်။

- **အောက်တိုဘာ ၉** - ပဲခူးတိုင်းအတွင်း ညောင်လေးပင်နှင့်ဖြူးပြေးဆွဲသည့် ခရီးသည်တင်ကားပေါ်တွင် ဗုံးတလုံးတွေ့ရှိခဲ့သည်။
- **အောက်တိုဘာ ၁၁** - ပဲခူးတိုင်းတောင်ငူမြို့မှတည်းခိုခန်းတခုတွင် ဗုံးတလုံးပေါက်ကွဲခဲ့ရာလူနှစ်ဦးသေဆုံးပြီး တဦးဒါဏ်ရာရခဲ့သည်။
- **အောက်တိုဘာ ၁၃** - ရန်ကုန်မြို့အင်းစိန်မြို့နယ်မှ ဘတ်စ်ကားမှတ်တိုင်တခုတွင် ဗုံးတလုံးပေါက်ကွဲခဲ့သည်။ ထိုနေရာအနီးတွင်အခြားဗုံးတလုံးကို ရဲမှတွေ့ရှိကာရှင်းလင်းခဲ့ရသည်။
- **အောက်တိုဘာ ၁၃** - ရန်ကုန်မြို့အလုံမြို့နယ်မှတရုတ်စားသောက်ဆိုင်တခုတွင် တွေ့ရှိခဲ့သည့်ဗုံးတလုံးအား ရဲများမှ အန္တရာယ်ကင်းစွာရှင်းလင်းနိုင်ခဲ့သည်။
- **အောက်တိုဘာ ၁၄** - မန္တလေးမြို့အောင်မြေသာဇံမြို့နယ်မှစားသောက်ဆိုင်တခုတွင် တွေ့ရှိခဲ့သည့်ဗုံးတလုံးအားရဲများမှရှင်းလင်းနိုင်ခဲ့သည်။
- **အောက်တိုဘာ ၁၄** - ရန်ကုန်မြို့မှကုန်သည်ကြီးများဟော်တယ် အခန်းတခန်းအတွင်းပေါက်ကွဲခဲ့သောဗုံးကြောင့် အသက် ၄၃ နှစ်အရွယ်အမေရိကန်အမျိုးသမီးတဦးအား ဒါဏ်ရာရစေခဲ့သည်။
- **အောက်တိုဘာ ၁၅** - စစ်ကိုင်းတိုင်းစစ်ကိုင်းမြို့မှ စားသောက်ဆိုင်တဆိုင်တွင် ဗုံးတလုံးပေါက်ကွဲခဲ့သည်။
- **အောက်တိုဘာ ၁၅** - စစ်ကိုင်းတိုင်းစစ်ကိုင်းမြို့မှ ဆွမ်းဦးပုညရှင်ဘုရား ကားရပ်နားရန်နေရာတွင်ဗုံးတလုံးပေါက်ကွဲခဲ့သည်။
- **အောက်တိုဘာ ၁၆** - ရှမ်းပြည်မြောက်ပိုင်းနမ့်ခမ်းမှ လမ်းတလမ်းတွင်ဗုံးတလုံးပေါက်ကွဲခဲ့သည်။
- **အောက်တိုဘာ ၁၇** - ရှမ်းပြည်မြောက်ပိုင်းနမ့်ခမ်းမှ လမ်းများပေါ်တွင်ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ လူတဦးသေဆုံးခဲ့ပြီး အခြား ၆ ဦးဒါဏ်ရာရခဲ့သည်။

အစိုးရအာဏာပိုင်များသည် ထိုတိုက်ခိုက်မှုများအတွက် ကွဲပြားသောရှင်းလင်းပြောဆိုမှုများပြုလုပ်ခဲ့သည်။ အောက်တိုဘာလ ၁၄ ရက်နေ့တွင် သမ္မတ၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က ဗုံးဖောက်ခွဲမှုများသည်စိုးရိမ်မှုများပျံ့နှံ့သွားစေရန်ရည်ရွယ်ခဲ့ကြကာ ၂၀၁၄ ခုနှစ်အတွက် အာဆီယမ်ဥက္ကဋ္ဌအဖြစ်မြန်မာနိုင်ငံမှတရားဝင်စတင်တာဝန်ယူမည့်အချိန်နှင့်လည်း အချိန်ကိုက်တိုက်ဆိုင်ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်းပြောကြားခဲ့သည်။ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ရဲချုပ်ဗိုလ်ချုပ်ကြီးဇော်ဝင်းက ဗုံးဖောက်ခွဲမှုများသည် နိုင်ငံခြားမှရင်းနှီးမြုပ်နှံမှုများအားတားဆီးရန်ဖြစ်သည်ဟု ပြောကြားလိုက်သည်။ ထိုနေ့တွင်ပင် ဗိုလ်ချုပ်ကြီးဇော်ဝင်းက ထိုဗုံးပေါက်ကွဲမှုများနှင့်ဆက်စပ်သောသူ ၈ ဦးအားအစိုးရအာဏာပိုင်များမှဖမ်းဆီးထားပြီးဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထိုဖမ်းဆီးခံရသူများထဲတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) အဖွဲ့ဝင်ဟောင်းတဦးလည်းပါဝင်ပါသည်။

ဆွေးနွေးပွဲများအပြီးကချင်ပြည်နယ်တွင် အပစ်အခတ်ရပ်စဲမှုမရှိသေး

နောက်ဆုံးအကြိမ်ဆွေးနွေးမှုအတွင်း၌လည်း အစိုးရနှင့်ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့သည်အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအဆင့်သို့ မရောက်ရှိနိုင်ခဲ့ပေ။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အားအစိုးရတပ်များမှတိုက်ခိုက်ခဲ့ကြသည်။ [အောက်မှ *တပ်မတော်၏ထိုးစစ်နှင့်အကြမ်းဖက်မှုများဆက်လက်ဖြစ်ပွား* တွင်ကြည့်ပါ။]

အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်တွင်သမ္မတရုံးဝန်ကြီးဦးအောင်မင်းဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် KIO ကိုယ်စားလှယ်များ ကချင်ပြည်နယ်မြစ်ကြီးနားမြို့တွင်တွေ့ဆုံခဲ့သည်။ နိုင်ငံရေးပါတီများနှင့်လက်နက်ကိုင် ၁၀ ဖွဲ့တို့မှကိုယ်စားလှယ်များ၊ UN အထွေထွေအတွင်းရေးမှူးချုပ်၏အထူးအကြံပေးဗီဂျေးနမ်ဘီးယားနှင့်တရုတ်အစိုးရအရာရှိများသည်လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲနောက်ဆုံးနေ့တွင် မေလကသဘောတူလက်မှတ်ထိုးခဲ့ကြသည့် ပထမသဘောတူညီချက်ထဲတွင်ပါဝင်သည့် တူညီသောအချက်အလက်များအားထပ်မံအတည်ပြုသည့် အချက် ၇ ချက်ပါသဘောတူညီချက်ကို ဘက်နှစ်ဘက်တို့မှလက်မှတ်ထိုးခဲ့ကြသည်။ [*၂၀၁၃ခုမေလမြန်မာသတင်းလွှာ* ကိုကြည့်ပါ။] ထိုသဘောတူညီချက်အရ ဘက်နှစ်ဘက်တို့သည်တိုက်ပွဲများမဖြစ်ပွားစေရန်အတွက် ဆက်လက်ညှိနှိုင်းသွားရန်၊ ပူးတွဲငြိမ်းချမ်းရေးစောင့်ကြည့်မှုကော်မတီကိုဖွဲ့စည်းရန်နှင့် IDP များအားနေရပ်ပြန်လည်အခြေချနိုင်ရန်အတွက်အစီအစဉ်များရေးဆွဲရန်စသည်တို့ကိုကတိပြုခဲ့ကြသည်။

တပ်မတော်ထိုးစစ်များဆက်လက်ပြုလုပ်နေ၊ အရပ်သားများကိုပစ်မှတ်ထားခံနေရဆဲ

နောက်ဆုံးအကြိမ်ဆွေးနွေးပွဲမတိုင်ခင်တွင်ရော ပြီးသွားသည့်အချိန်တွင်ပါ ရှမ်းပြည်နယ်မြောက်ပိုင်းမှ မဘိန်း၊ကူမဲနှင့်ကွတ်ခိုင်မြို့နယ်များနှင့် ကချင်ပြည်နယ်တောင်ပိုင်းမန်စီမြို့နယ်တို့မှကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်စခန်းများအား အစိုးရတပ်များမှထိုးစစ်များဆင်ခဲ့ကြောင်းသတင်းများရရှိခဲ့သည်။ သတင်းရရှိသောထိုးစစ်များမှာ -

- **အောက်တိုဘာ ၁** - ကချင်ပြည်နယ်မန်စီမြို့နယ်တွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **အောက်တိုဘာ ၄** - ရှမ်းပြည်နယ်မြောက်ပိုင်းကွတ်ခိုင်မြို့နယ် နမ့်ပူဘမ်းတောင်မှ KIA စခန်းများအား ခလရ ၂၉၀ မှ အစိုးရတပ်များက လက်နက်ကြီးမော်တာများနှင့်ပစ်ခတ်ခဲ့ကြသည်။
- **အောက်တိုဘာ ၁၅** - ရှမ်းပြည်နယ်မြောက်ပိုင်းမဘိန်းမြို့နယ်တွင် ခမရ ၉၉ မှအစိုးရတပ်များက KIA တပ်များကိုတိုက်ခိုက်ခဲ့ကြသည်။
- **အောက်တိုဘာ ၁၆** - ကချင်ပြည်နယ်မန်စီမြို့နယ်တွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **အောက်တိုဘာ ၂၂** - ကချင်ပြည်နယ်မန်စီမြို့နယ်တွင် KIA စခန်းများအား အစိုးရတပ်များကလက်နက်ကြီးမော်တာများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။
- **အောက်တိုဘာ ၂၃** - ကချင်ပြည်နယ်မန်စီမြို့နယ်တွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **အောက်တိုဘာ ၂၃** - ရှမ်းပြည်နယ်မြောက်ပိုင်းမဘိန်းမြို့နယ်တွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **အောက်တိုဘာ ၂၇** - ကချင်ပြည်နယ်မန်စီမြို့နယ် နမ့်လင်းပါအနီးတွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **အောက်တိုဘာ ၂၈** - ကချင်ပြည်နယ်မန်စီမြို့နယ် နမ့်ဖူတွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **အောက်တိုဘာ ၃၀** - ရှမ်းပြည်နယ်မြောက်ပိုင်းကူမဲမြို့နယ် လွှိုင်ခမ်ဘမ်းတောင်ပေါ်ရှိ KIA စခန်းအား ခလရ ၁၇ မှ အစိုးရတပ်များကဝင်ရောက်စီးနင်းခဲ့သည်။
- **အောက်တိုဘာ ၃၀** - ကချင်ပြည်နယ်မန်စီမြို့နယ် ခွမ်ဂျာတွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **အောက်တိုဘာ ၃၀** - ရှမ်းပြည်နယ်မြောက်ပိုင်း မဘိန်းမြို့နယ်တွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။

ထို့အပြင်ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်တောင်ပိုင်းမှ စစ်ဆင်ရေးများအတွင်းတွင် အစိုးရတပ်များသည် IDP များအပါ အဝင်အရပ်သားများအား ဆက်လက်ပစ်မှတ်ထားခဲ့ကြသည်။ သူတို့၏ရွာများအားအစိုးရတပ်များ၏တိုက်ခိုက်မှုများမှ လွတ်မြောက်နိုင်ရန်အတွက် ရွာသားရာပေါင်းများစွာတို့သည်သူတို့၏နေအိမ်များအား စွန့်ခွာထွက်ပြေးခဲ့ကြသည်။

- **အောက်တိုဘာ ၁၀ မှ ၁၂** - ကွတ်ခိုင်မြို့နယ်မှရှမ်းပြည်နယ်တပ်မတော်-တောင်ပိုင်း (SSA-S) တပ်များအားလက်နက်ကြီးများဖြင့်တိုက်ခိုက်နေစဉ်အတွင်း ရှမ်းပြည်နယ်ကွတ်ခိုင်မြို့နယ်ပီယန်နာမှ ကျေးရွာပေါင်း ၁၀၀ ကျော်အား ခမရ ၁၅၀ မှအစိုးရတပ်များက ရွှေ့ပြောင်းပစ်ခဲ့ကြသည်။
- **အောက်တိုဘာ ၁၃** - SSA-S တပ်များအပေါ်စစ်ဆင်ရေးပြုလုပ်နေစဉ်အတွင်း ရှမ်းပြည်နယ်ကွတ်ခိုင်မြို့နယ်တွင် ခမရ ၁၅၀ မှအစိုးရတပ်များသည် ရွာသား ၁၈ ဦးအားလူသားဒိုင်းအဖြစ်အသုံးပြုခဲ့ကြသည်။
- **အောက်တိုဘာ ၂၂** - ကချင်ပြည်နယ် မန်စီမြို့နယ် မန်ဒင်းပမှရွာသား ၁၀ ဦးခန့်အားအစိုးရတပ်များက ပေါ်တာအဖြစ်လုပ်ဆောင်ရန်နှင့်ဒေသခံများကျေးရွာများမှထွက်ခွာသွားခြင်းကို တားဆီးပေးရန် အတင်းအကြပ်ခိုင်းစေခဲ့သည်။
- **အောက်တိုဘာ ၂၂** - မန်စီမြို့နယ်မန်ဒင်းပ IDP စခန်းအားအစိုးရတပ်များမှ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။
- **အောက်တိုဘာ ၂၃** - မန်စီမြို့နယ်မန်ဒင်းပတွင် အစိုးရတပ်များ၏လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးငယ်တဦးသေဆုံးခဲ့သည်။
- **အောက်တိုဘာ ၂၈** - ကချင်ပြည်နယ်မန်စီမြို့နယ်ခွမ်ဂျာမှအစိုးရတပ်များသည် IDP များအား ဒေသခံ NGO ဖြစ်သော ဂရုဏာအဖွဲ့မှလှူဒါန်းထားသည့် ဆန်အိတ် ၂၅၀ ကိုသိမ်းယူသွားသည်ဟုသတင်းများရရှိသည်။
- **အောက်တိုဘာ ၂၈** - ကချင်ပြည်နယ်မန်စီမြို့နယ်မန်ဒင်းပရွာမှ ရွာသား ၅၀၀ ခန့်တို့သည်ဆက်လက်ဖြစ်ပွားနေသောတိုက်ပွဲများမှလွတ်မြောက်နိုင်ရန်အတွက် သံတံတားနှင့်ဟန်ထက်ကျေးရွာများသို့ထွက်ပြေးခဲ့ကြသည်။
- **အောက်တိုဘာ ၃၀** - ကချင်ပြည်နယ်မန်စီမြို့နယ်ခွမ်ဂျာတွင် အစိုးရတပ်များကကောင်ကလေး ၃ ဦးအားလူသားဒိုင်းအဖြစ်အသုံးပြုခဲ့သည်။

အောက်တိုဘာလ ၂၅ ရက်နေ့တွင် UN မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့်လူသားချင်းစာနာမှု ညှိနှိုင်းရေးမှူး အရှော့နီဂမ် (Ashok Nigam) က မန်ဒင်းပဘုရားရှိခိုးကျောင်းထဲတွင်ခိုလှုံနေရသော ကလေးငယ်အများစုဖြစ်သည့်အရပ်သား ၅၀၀ ခန့်အပါအဝင် မန်စီမြို့နယ်ပဋိပက္ခဒေသအတွင်းမှမလွတ်မြောက်လာနိုင်သေးသော အရပ်သားများအတွက် အထူးစိုးရိမ်ပူပန်မိပါကြောင်းပြောကြားလိုက်သည်။ အရှော့နီဂမ်က လူသားချင်းစာနာမှုအကူအညီများပို့ဆောင်ပေးနိုင်ရန်အတွက် IDP များထံချက်ချင်းသွားရောက်ခွင့်ပြုပါရန်အစိုးရအားတောင်းဆိုလိုက်သည်။

အစိုးရနှင့် KNPP လေးကြိမ်မြောက်သဘောတူညီချက်လက်မှတ်ထိုး

အောက်တိုဘာလတွင် အစိုးရနှင့်ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့သည်အခြားသဘောတူညီမှုတခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အောက်တိုဘာလ ၂၂ နှင့် ၂၃ တို့တွင် သမ္မတရုံးဝန်ကြီးဦးအောင်မင်းဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် KNPP ကိုယ်စားလှယ်အဖွဲ့တို့သည် ကရင်နီပြည်နယ်လွိုင်ကော်မြို့တွင်တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံပွဲနောက်ဆုံးနေ့တွင် ဘက်နှစ်ဘက်တို့သည် အချက် ၇ ချက်ပါသဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသဘောတူညီချက်သည် ၂၀၁၂ခုနှစ်မတ်လကတည်းကဆိုလျှင် အစိုးရနှင့် KNPP အကြားလက်မှတ်ထိုးခဲ့သည့်စတုတ္ထမြောက်သဘောတူညီချက်ဖြစ်သည်။ နောက်ဆုံးသဘောတူညီချက်က နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲမှုရရှိရေးသို့ ရှေးရှုလုပ်ဆောင်သွားရန်ကတိပြုခြင်း၊ ပူးတွဲငြိမ်းချမ်းရေးစောင့်ကြည့်ကြီးကြပ်ရေးကော်မတီတခုဖွဲ့စည်းရေး၊ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုပူးတွဲလုပ်ဆောင်သွားရေးနှင့် IDP များပြန်လည်အခြေချရေးစသည်တို့အပါအဝင် ဖွန်လက ဆွေးနွေးပွဲများအတွင်း သဘောတူညီခဲ့ကြသည့်တူညီသောအချက်အလက်များ [*၂၀၁၃ခုမြန်မာသတင်းလွှာတွင်ကြည့်ပါ။*]အားထပ်မံအတည်ပြုခဲ့ခြင်းပင် ဖြစ်ပါသည်။ သို့သော်လည်း KNPP ထိန်းချုပ်ဒေသများမှ အစိုးရတပ်များအားပြန်လည်ရုပ်သိမ်းရန်နှင့် KNPP အားတရားမဝင်အဖွဲ့အစည်းစာရင်းမှ ပယ်ဖျက်ပေးရန်တို့အပါအဝင် KNPP ၏အခြေခံတောင်းဆိုမှုများမှာမူ မဖြေရှင်းနိုင်သေးပဲရှိဆဲပင်ဖြစ်ပါသည်။ ထိုလထဲတွင်ပင် KNPP ကစစ်မှန်သောနိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအတွက်အာမခံချက်မရှိပဲနှင့် အစိုးရမှအဆိုပြုလာသော နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးကို လက်မှတ်ထိုးမည်မဟုတ်ဟူ၍လည်းထောက်ပြပြောဆိုခဲ့သည်။

မုံရွာကြေးနီမိုင်းအားဆန့်ကျင်မှုများဆက်လက်ဖြစ်ပေါ်နေ

အောက်တိုဘာလတွင် တရုတ်ကုမ္ပဏီဝမ်ပေါင်မှ စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ်ရှိမုံရွာကြေးနီမိုင်းတွင် လုပ်ငန်းများပြန်လည်စတင်နိုင်ရန်အတွက် ပြင်ဆင်မှုများစတင်ပြုလုပ်ခဲ့သည်။ အောက်တိုဘာလ ၈ ရက်နေ့တွင် အငြင်းပွားနေသောလယ်ယာမြေ ၄၀၀ ဧကပတ်ပတ်လည်တွင်ခြံစည်းရိုးကာရန်အတွက် ဝမ်ပေါင်အလုပ်သမားများသည် သီးနှံများအားဘူဒိုဇာများဖြင့်ထိုးကော်ပစ်ခဲ့ကြသည်။ ခြံစည်းရိုးတည်ဆောက်မှုကြောင့် စိုက်ပျိုးထားသောမြေဧက ၁၀၀ ကျော်ခန့်ပျက်စီးသွားခဲ့ရသည်။ ရလဒ်အနေဖြင့် မုံရွာကြေးနီမိုင်းအားဆန့်ကျင်ဆန္ဒပြမှုများမြင့်တက်လာခဲ့သည်။

- **အောက်တိုဘာ ၁၁** - မုံရွာကြေးနီမိုင်းအနီးကျေးရွာများမှ ဒေသခံ ၁၅၀ ခန့်နှင့်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများသည် မိုင်းလုပ်ငန်းများပြန်လည်စတင်ခြင်းအပေါ်ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။
- **အောက်တိုဘာ ၁၅** - စစ်ကိုင်းတိုင်းဆားလင်းကြီးတွင် အစိုးရအာဏာပိုင်များနှင့်တွေ့ဆုံစဉ်အတွင်း ကျေးရွာ ၃၃ ရွာမှဒေသခံ ၅၀ ခန့်တို့သည်သိမ်းယူခံရသောသူတို့၏လယ်မြေများအတွက် လုံလောက်သောလျော်ကြေးပေးရန်တောင်းဆိုခဲ့ပြီး မုံရွာကြေးနီမိုင်းလုပ်ငန်းများကိုရပ်တန့်ရန်လည်း ထပ်မံတောင်းဆိုလိုက်သည်။
- **အောက်တိုဘာ ၁၇** - မုံရွာကြေးနီမိုင်းအနီး အငြင်းပွားနေသေည့်မြေနေရာပတ်ပတ်လည်တွင် ကာရံထားသောခြံစည်းရိုးများအား ဆန္ဒပြသူများမှဖယ်ရှားရန်ကြိုးပမ်းကြသည့်အခါ ဆန္ဒပြသူ ၃၀၀ ခန့်နှင့်ရဲများထိပ်တိုက်စတင်တွေ့ခဲ့ကြသည်။
- **အောက်တိုဘာ ၂၃** - စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ်မှ မုံရွာကြေးနီမိုင်းအား မုံရွာမှဒေသခံ ၁၅၀ ခန့်မှဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။
- **အောက်တိုဘာ ၂၄** - မုံရွာကြေးနီမိုင်းအနီး ကျေးရွာ ၁၂ ရွာမှဒေသခံလယ်သမား ၁၂၀ ကျော်တို့သည် လျော်ကြေးကိစ္စအားဆွေးနွေးရန်အတွက် စည်းဝေးခဲ့ကြပြီးထိုစီမံကိန်းအားသူတို့အနေဖြင့် ဆက်လက်ဆန့်ကျင်သွားမည်ဟု ပြောကြားခဲ့သည်။
- **အောက်တိုဘာ ၂၅** - စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်တွင် လယ်သမား ၃၀၀ ခန့်တို့သည် မုံရွာကြေးနီမိုင်းအားဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

SEZ (အထူးစီးပွားရေးဇုံ) အပေါ်စိုးရိမ်မှုများတိုးပွားလာ

အောက်တိုဘာလတွင် စီစဉ်ထားသော ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ်မှ ကျောက်ဖြူအထူးစီးပွားရေးဇုံနှင့် ရန်ကုန်တိုင်းသန်လျင်မြို့နယ်မှသီလဝါ အထူးစီးပွားရေးဇုံတို့နှင့်ပတ်သက်၍ ကျေးရွာသားများကသူတို့၏စိုးရိမ်ပူပန်မှုများကိုထုတ်ဖော်ပြောကြားလာခဲ့ကြသည်။

- **အောက်တိုဘာ ၇** - ကျောက်ဖြူအထူးစီးပွားရေးဇုံဖွံ့ဖြိုးရေးစီမံကိန်းနှင့်ဆက်စပ်၍ မြေယာသိမ်းယူမှုများ၏ဖြစ်နိုင်ချေများအပေါ် သူတို့၏စိုးရိမ်ပူပန်မှုများအားဆွေးနွေးနိုင်ရန်အတွက် ရခိုင်ပြည်နယ်ကျောက်ဖြူရှိကျေးရွာ ၄၂ ရွာမှ ဒေသခံ ၄၀၀ တို့သည်ဒေသခံဘုန်းတော်ကြီးကျောင်းတခုတွင် စုရုံးခဲ့ကြသည်။ ဒေသခံများက အစိုးရမှမြေယာသိမ်းယူမှုများအတွက် လုံလောက်သောလျော်ကြေးများပေးရန်၊ သဘာဝပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုအမွေအနှစ်များအားထိန်းသိမ်းကာကွယ်ခြင်းကို သေချာစွာပြုလုပ်ပေးရန်နှင့် ဒေသခံရွာသားများအတွက်အလုပ်အကိုင်အားဦးစားပေးရန်စသည်တို့ကိုတောင်းဆိုခဲ့သည်။
- **အောက်တိုဘာ ၁၀** - သီလဝါအထူးစီးပွားရေးဇုံအတွက် လမ်းဖောက်လုပ်ရန်ပြောင်းရွှေ့ခံရမည့်အစ္စရာယ်နှင့်ရင်ဆိုင်နေကြရသည့်ရွာသားများက အစိုးရအရာရှိများမှသူတို့၏နေအိမ်များအား ဘူဒိုဇာနှင့်ထိုးဖျက်ပစ်မည်ဟုခြိမ်းခြောက်လျက်ရှိပြီး သူတို့၏ဆုံးရှုံးသွားခဲ့ရသောလယ်ယာမြေများအတွက် ကမ်းလှမ်းလာသောတရားမျှတမှုမရှိသည့်လျော်ကြေးများအားလက်ခံရန်ဖိအားပေးနေသည်ဟုပြောကြားခဲ့သည်။

လွှတ်တော်အစည်းအဝေးပြန်လည်ကျင်းပ

အောက်တိုဘာလ ၁ ရက်နေ့တွင် လွှတ်တော်သည်၎င်း၏ အ၄မအကြိမ်မြောက်အစည်းအဝေးကို နေပြည်တော်တွင်ပြန်လည်ကျင်းပခဲ့သည်။ အရေးကြီးသောဖြစ်ပေါ်တိုးတက်မှုများမှာ -

- **အောက်တိုဘာ ၃** - သမ္မတဦးသိန်းစိန်၏အဆိုပြုလာသောပြင်ဆင်မှုများအား လွှတ်တော်ကိုယ်စားလှယ်များမှလစ်လျူရှု့ခဲ့ပြီးနောက် အမျိုးသားလွှတ်တော်မှ လယ်သမားအခွင့်အရေးကာကွယ်ရေးဥပဒေကိုအတည်ပြုပေးခဲ့သည်။
- **အောက်တိုဘာ ၃** - သမ္မတဦးသိန်းစိန်၏အဆိုပြုလာသောပြင်ဆင်မှုများမှအချို့အား လွှတ်တော်အမတ်များမှလက်ခံခဲ့ပြီးနောက် အမျိုးသားလွှတ်တော်မှဆက်သွယ်ရေးဥပဒေကြမ်းကိုအတည်ပြုပေးခဲ့သည်။
- **အောက်တိုဘာ ၂၃** - ပြည်သူ့လွှတ်တော်မှ ပြင်းထန်သောအီလက်ထရောနစ်လုပ်ငန်းဥပဒေအားပြင်ဆင်သည့် ဥပဒေမူကြမ်းကိုအတည်ပြုပေးခဲ့သည်။ အောက်တိုဘာလ ၇ ရက်ကအမျိုးသားဒီမိုကရေစီပါတီသစ် (NNDP) အမတ်ဦးသိန်းညွှန့်မှစတင်တင်ပြလာသော ထိုဥပဒေသစ်သည်ဥပဒေဖောက်ဖျက်ပါက အပစ်ပေးနိုင်သည့် ၁၅ နှစ်အထိထောင်ဒါဏ်နေရာတွင် ကျပ်ငွေ တသိန်းမှငါးသန်း (အမေရိကန်ဒေါ်လာ ၁၀၂ - ၅၁၃၇) အထိဒါဏ်ငွေအပစ်ပေးခြင်းဖြင့် အစားထိုးပြင်ဆင်ခဲ့သည်။ ထိုဥပဒေကြမ်းသည်ယခုအခါ အမျိုးသားလွှတ်တော်တွင်ဆွေးနွေးရန်ရောက်ရှိသွားပြီဖြစ်သည်။

ထို့အပြင် ဩဂုတ်လကတည်းက လူထုအဖွဲ့အစည်း (CSO) များနှင့်အကြိမ်ကြိမ်ညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီးနောက် များစွာဝေဖန်ခံခဲ့ရသော [*၂၀၁၃ခုဩဂုတ်လမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] အသင်းအဖွဲ့ဆိုင်ရာဥပဒေမူကြမ်းအား ပြင်ဆင်မှုများကိုလွှတ်တော်ထဲတွင်တင်ပြတော့မည်ဟု ကိုယ်စားလှယ်များကပြောကြားလိုက်ကြသည်။ အဆိုပြုထားသောပြင်ဆင်မှုများအရဆိုလျှင် အစိုးရမဟုတ်တော့အဖွဲ့အစည်းများ (NGO) နှင့်လူထုအဖွဲ့အစည်းများ (CSO) များအတွက် မှတ်ပုံတင်ခြင်းမှာမိမိတို့သဘောဆန္ဒအလျောက်သာလျှင်ဖြစ်ပြီး မှတ်ပုံတင်ကြေးမှာဒေသတွင်းအဖွဲ့များဆိုလျှင် သုံးသောင်းကျပ် (အမေရိကန်ဒေါ်လာ ၃၀) နှင့်နိုင်ငံတကာအဖွဲ့များအတွက်ဆိုလျှင် တသိန်းကျပ် (အမေရိကန်ဒေါ်လာ ၁၀၂) ဖြစ်ပါသည်။ ပြင်ဆင်မှုများက မှတ်ပုံမတင်သောအဖွဲ့များမှ ကိုယ်စားလှယ်များအတွက် ရာဇဝတ်မှုကဲ့သို့အပစ်ပေးထားခြင်းများကိုလည်းပယ်ဖျက်လိုက်သည်။ ထို့အပြင် မှတ်ပုံတင်ထားသောအဖွဲ့များမှာ နိုင်ငံတကာအလှူရှင်များထံမှငွေကြေးထောက်ပံ့မှုကိုလက်ခံနိုင်မည်ဖြစ်ပါသည်။

လူ့အခွင့်အရေး

ရိုဟင်ဂျာ ၇၂ ဦးထောင်ချခံရ

ရခိုင်ပြည်နယ်တွင်ဘာသာရေးအကြမ်းဖက်မှုများဖြစ်ပွားအပြီး တနှစ်အတွင်း၌ရိုဟင်ဂျာအမြောက်အများအား မငြိမ်မသက်မှုများနှင့်ဆက်စပ်၍ အစိုးရမှဆက်လက်ထောင်ချနေခဲ့သည်။ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်ဘူးသီးတောင်မြို့နယ်မှ တရားရုံးတခုက မောင်တောမြို့နယ်တွင် ၂၀၁၂ခုဇွန်လကဖြစ်ပွားခဲ့သော အထိကရုဏ်းများတွင်ပါဝင်ပတ်သက်ခဲ့သည်ဟူသော စွပ်စွဲချက်များဖြင့်ရိုဟင်ဂျာ ၇၂ ဦးအား ၄ နှစ်မှ ၁၄ နှစ်အထိထောင်ဒါဏ်အသီးသီးချမှတ်ခဲ့သည်။

ငြိမ်းချမ်းစွာဆန္ဒပြသူများထပ်မံထောင်ချခံရ

အောက်တိုဘာလတွင် အာဏာပိုင်များထံမှကြိုတင်ခွင့်ပြုချက်မယူပဲ ဆန္ဒပြခဲ့၍ဟုဆိုကာနောက်ထပ်တက်ကြွလှုပ်ရှားသူ ၃ ဦးအား ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရ အစိုးရမှထောင်ချအပစ်ပေးခဲ့သည်။

- **အောက်တိုဘာ ၈** - မတ်လ ၇ ရက်နေ့ကစစ်တွေမြို့တွင် ရိုဟင်ဂျာများအားအမြဲတမ်းခိုလှုံရာများဖြင့်ပြန်လည်အခြေချစေမှုကိုဆန့်ကျင်ဆန္ဒပြခဲ့ရာတွင် ဦးဆောင်ခဲ့သည့်အတွက် ရခိုင်ဒေသခံလူထုခေါင်းဆောင်များဖြစ်သော ကိုညိုအေးနှင့်ကိုကျော်ဇော်ဦးတို့အား ရခိုင်ပြည်နယ်စစ်တွေမြို့နယ်တရားရုံးမှထောင်သုံးလကျခံစေခဲ့သည်။

• **အောက်တိုဘာ ၂၁** - ဇူလိုင်လကငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအား ဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် နိုင်ငံရေးအကျဉ်းသားဟောင်း၊တက်ကြွလှုပ်ရှားသူ ကိုထင်ကျော်အားရန်ကုန်မြို့ကျောက်တံတားမြို့နယ်တရားရုံးက ထောင်ခြောက်လကျခံစေခဲ့သည်။

အထက်ပါတို့သည် ၂၀၁၃ခုမေလကတည်းက ဖမ်းဆီး/ထိန်းသိမ်း/တရားစွဲဆိုမှုပေါင်း ၆၃ ခုထဲမှဖြစ်ပါသည်။ ပိုမို၍အသေးစိတ်သိလိုလျှင် Altsean-Burma ၏ မှတ်တမ်းတိုဖြစ်သော "မြန်မာနိုင်ငံမှတက်ကြွလှုပ်ရှားသူများနှင့်လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ဖမ်းဆီးအကျဉ်းချမှုအသစ်များ" ("New Arrests and Imprisonment of Activists and Human Rights Defenders in Burma.") တွင်ကြည့်ပါ။

နိုင်ငံရေးအကျဉ်းသားများ - ၅၆ ယောက်လွတ်၊ ၁၃၅ ယောက်ကျန်ရှိဆဲ

အောက်တိုဘာလတွင် အစိုးရသည်၎င်းတို့၏ နောက်ဆုံးဗျူဟာမြောက်အချိန်ကိုက် နိုင်ငံရေးအကျဉ်းသားလွတ်ပေးခြင်းကို ပြုလုပ်ခဲ့သည်။ ဘရူနိုင်းတွင်ပြုလုပ်မည့် အာဆီယမ်ထိပ်သီးအစည်းအဝေးပွဲမတိုင်ခင်ကလေးဖြစ်သော အောက်တိုဘာလ ၈ ရက်နေ့တွင် ဦးသိန်းစိန်သည်ရာဇဝတ်မှုလုပ်ထုံးလုပ်နည်းပုဒ်မ အပိုဒ် ၄၀၁ အရပေးအပ်သောလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နိုင်ငံအနှံ့အကျဉ်းထောင်များမှ နိုင်ငံရေးအကျဉ်းသား ၅၆ ယောက်အားလွတ်ပေးရန်အမိန့်ပေးခဲ့သည်။ လွတ်မြောက်လာသူအများစုမှာ စစ်အစိုးရမှမတရားအသင်းအက်ဥပဒေဖြင့် အကျဉ်းချထားခြင်းခံခဲ့ရသူ ကချင်နှင့်ရှမ်းလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်ဟောင်းများဖြစ်ကြသည်။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏အဆိုအရ အကျဉ်းထောင်များထဲတွင် နိုင်ငံရေးအကျဉ်းသား ၁၃၅ ဦးကျန်ရှိနေဆဲဖြစ်ပါသည်။

ဦးသိန်းစိန်၏နိုင်ငံရေးအကျဉ်းသားလွတ်ပေးမှု		
နေ့စွဲ	အကျဉ်းသားပေါင်း	နိုင်ငံရေးအကျဉ်းသား
16 May 11	14,578	58
12 Oct 11	6,359	240
4 Jan 12	6,656	36
13 Jan 12	651	302
3 Jul 12	80	25
17 Sep 12	514	88
15 Nov 12	452	0
16 Nov 12	66	51
23 Apr 13	93	59
17 May 13	23	19
23 Jul 13	73	73
8 Oct 13	56	56
စုစုပေါင်း	**29,601**	**1,007**
သတင်းပင်ရင်း: NLM; AAPP		

အောက်တိုဘာ ၉ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားက နိုင်ငံရေးအကျဉ်းသားများအား ချွင်းချက်မရှိလွတ်ပေးခြင်းမဟုတ်သောကြောင့် အစိုးရ၏လွတ်ငြိမ်းချမ်းသာခွင့်ကိုဝေဖန်ပြောကြားခဲ့သည်။ အိုဂျေကွင်တားနားက တက်ကြွလှုပ်ရှားသူများအားဆက်လက်ဖမ်းဆီးထောင်ချနေမှုများအပေါ်လည်း စိုးရိမ်မိကြောင်းပြောကြားလိုက်သည်။

လူ့အခွင့်အရေးဆိုင်ရာလိုအပ်ချက်များရှိနေဆဲ - အိုဂျေကွင်တားနား

အောက်တိုဘာလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် သောမတ်စ်အိုဂျေကွင်တားနားသည် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတတိယကော်မတီသို့ သူ၏ပုံမှန်အစီရင်ခံစာကိုတင်သွင်းခဲ့သည်။ အိုဂျေကွင်းတားနားကမြန်မာနိုင်ငံတွင် လူ့အခွင့်အရေးဆိုင်ရာလိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်ဟုပြောကြားခဲ့သည်။ သူ၏အစီရင်ခံစာက အောက်ပါစိုးရိမ်ပူပန်မှုများကို မီးမောင်းထိုးပြခဲ့သည်။

• ရခိုင်ပြည်နယ်မှလူ့အဖွဲ့အစည်းများအကြားအကြမ်းဖက်မှုများအား ဖြစ်စေသည့်အဓိကအကြောင်းအရာများအား အစိုးရမှကိုင်တွယ်ဖြေရှင်းရန်နှင့် အကြမ်းဖက်မှုများနှင့်ဆက်စပ်၍စနစ်တကျ၊ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့သည့်လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လုံခြုံရေးတပ်ဖွဲ့များမှတာဝန်ယူမှုရှိစေရန် ပျက်ကွက်ခဲ့သည်။
• ၂၀၁၂ခုဇွန်လနှင့်အောက်တိုဘာလကဖြစ်ပွားခဲ့သောအကြမ်းဖက်မှုများအပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များမှပြုလုပ်ခဲ့သည့်ကျေးရွာများအားရှင်းလင်းမှုများ၏နောက်ဆက်တွဲအဖြစ် မွတ်စလင်များအားစိတ်ထင်သလိုတရားမျှတမှုမဲ့ဖမ်းဆီးထောင်ချမှုများ။
• မွတ်စလင်ဘာသာဝင်များ၏လွတ်လပ်စွာသွားလာခွင့်အပေါ် အချိုးကျမျှတမှုမရှိခွဲခြားဖိနှိပ်ကန့်သတ်မှုများ။

- ပညာတတ်(ပညာရှင်)များနှင့် '၉၆၉' လှုပ်ရှားမှုတို့ကြောင့်အပါအဝင် မွတ်စလင်ဆန့်ကျင်ရေးစိတ်ဓါတ်များပျံ့နှံ့လာခြင်း။
- ပြီးခဲ့သည့်နှစ်က "လူ့အဖွဲ့အစည်းများအကြားအကြမ်းဖက်မှုများ" ၏နောက်ဆက်တွဲအဖြစ် အမုန်းပွားစေသောပြောဆိုမှုများပျံ့နှံ့လာခြင်း။
- ကချင်ပြည်နယ်ရှိ အစိုးရထိန်းချုပ်မှုအပြင်ဘက်ဒေသများမှ IDP ၅၀၀၀၀ ကျော်တို့ထံ နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအေဂျင်စီများမှ သွားရောက်ထိစပ်နိုင်မှုမရှိသေးခြင်း။
- ချင်းပြည်နယ်တွင် ပြည်နယ်တည်ဆောက်ထားပုံများနှင့်အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများအရ ခရစ်ယာန်ဘာသာဝင်များအပေါ် စနစ်တကျခွဲခြားဖိနှိပ်ထားမှုများ။
- သူတို့၏ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်တို့အားကျင့်သုံးသည့်အတွက် လူထုအားဖမ်းဆီးတရားစွဲဆိုမှုများဆက်လက်ပြုလုပ်နေခြင်း။
- ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေနှင့်အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကြမ်းတို့မှာ နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်ကိုက်ညီမှုမရှိခြင်း။
- မြေအသုံးပြုသူများအားဆိုးဝါးသောသက်ရောက်မှုများဖြစ်စေသည့် လယ်ယာမြေဥပဒေနှင့်မြေလွတ်၊မြေရိုင်းနှင့်မထွန်ယက်မစိုက်ပျိုးရသေးသောမြေများအား ကြီးကြပ်စီမံမှုဥပဒေတို့ကဲ့သို့သော ဥပဒေသစ်များ။
- ပုံနှိပ်နှင့်ထုတ်လုပ်ဖြန့်ချီရေးဥပဒေကြမ်းတွင်ပါဝင်သောကန့်သတ်ချက်များနှင့် ပြင်းထန်သောအီလက်ထရောနစ်လုပ်ငန်းများဥပဒေအား ပြင်ဆင် သို့မဟုတ် ပယ်ဖျက်ရန်ပျက်ကွက်ခဲ့ခြင်းတို့အပါအဝင် လွတ်လပ်စွာတွေးခေါ်ခွင့်နှင့်ထုတ်ဖော်ပြောဆိုခွင့်တို့နှင့်ပတ်သက်သော ထင်ရှားသည့်စိန်ခေါ်မှုများ။
- ဗဟိုနှင့်နိုင်ငံတော်အဆင့်များရှိ နိုင်ငံရေးဆုံးဖြတ်ချက်ချမှတ်ရသည့်နေရာများတွင် အမျိုးသမီးများရှိမနေခြင်း။
- တရားစီရင်ရေးအာဏာသည် အုပ်ချုပ်ရေးအာဏာမှသီးခြားစွာလွတ်လပ်မှုရှိမနေခြင်း။

အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာမြန်မာအစိုးရ၏သံအမတ်ကြီးဦးကျော်တင်က အိုဂျေကွင်တားနား၏အစီရင်ခံစာအား "တဘက်သတ်" ဟုဆိုကာပယ်ချလိုက်ပြီး အထူးကိုယ်စားလှယ်လုပ်ပိုင်ခွင့်ခန့်အပ်ထားမှုကိုလည်းအဆုံးသတ်ပေးပါရန် တောင်းဆိုလိုက်သည်။

နိုင်ငံတကာဆက်ဆံရေး

ဒေါ်စု၏ဥရောပခရီးစဉ်

အောက်တိုဘာလ ၁၈ ရက်နေ့တွင် နိုဝင်ဘာလအစောပိုင်းအထိနေထိုင်လည်ပတ်ရန် စီစဉ်ထားသည့်ဥရောပခရီးစဉ်အတွက် ဒေါ်အောင်ဆန်းစုကြည်သည်မြန်မာနိုင်ငံမှထွက်ခွာသွားခဲ့သည်။ ဒေါ်စုသည် ဘယ်လ်ဂျီယမ်၊လူဇင်ဘတ်၊ပြင်သစ်နှင့် UK တို့သို့သွားရောက်လည်ပတ်ခဲ့သည်။ သူမ၏ခရီးစဉ်အတွင်းအခြေအနေအမျိုးမျိုးတို့တွင် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၅ရွေးကောက်ပွဲမတိုင်ခင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရန် သူမ၏တောင်းဆိုချက်ကိုထပ်မံတောင်းဆိုခဲ့သည်။ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဒေါ်စုကမြန်မာ့နိုင်ငံရေး၌စစ်တပ်မှ အထူးနေရာယူထားခြင်းကိုအဆုံးသတ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြန်လည်ပြင်ဆင်ရန်လိုအပ်ပါသည်ဟုပြောကြားလိုက်သည်။

ဒေါ်စု၏ဥရောပခရီးစဉ်
ဘယ်လ်ဂျီယမ်
အောက်တိုဘာ ၁၉ - ဘရပ်ဆဲလ်တွင် ဥရောပကော်မရှင်ဥက္ကဋ္ဌဟိုဆေးဘာရိုဆို José Barroso အပါအဝင် EU အဆင့်မြင့်အရာရှိများနှင့်တွေ့ဆုံခဲ့သည်။ လူဗင် (Leuven) တွင် လူဗင်ကက်သလစ်တက္ကသိုလ်မှပေးအပ်သော ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကိုလက်ခံရယူခဲ့သည်။
အောက်တိုဘာ ၂၀ - ဘရပ်ဆဲလ်တွင် ဥရောပကောင်စီဥက္ကဋ္ဌဟာမန်းဗန်ရွန်ပိုင် Herman Van Rompuy နှင့်တွေ့ဆုံခဲ့သည်။
လူဇင်ဘတ်
အောက်တိုဘာ ၂၁ - လူဇင်ဘတ်တွင် EU နိုင်ငံခြားရေးဝန်ကြီးများနှင့်တွေ့ဆုံခဲ့သည်။
ပြင်သစ်
အောက်တိုဘာ ၂၁ - စထရက်စ်ဘတ်ဂ် Strasbourg တွင်ဥရောပပါလီမန်ဥက္ကဋ္ဌမာတင်ရှေ့စ် Martin Schulz၊ ဥရောပပါလီမန်ကော်မတီများမှအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။
အောက်တိုဘာ ၂၂ - စထရက်စ်ဘတ်ဂ် Strasbourg တွင် ဥရောပသမဂ္ဂမှ ၁၉၉၀ ခုတွင်သူမအားချီးမြှင့်ခဲ့သော ဆာ့ကရော့ဗ် Sakharov ဆုကို

လက်ခံရယူခဲ့သည်။

UK (အင်္ဂလန်)

အောက်တိုဘာ ၂၃ - လန်ဒန်တွင် UK ဝန်ကြီးချုပ်ကင်မရွန်း Cameron ၊ နိုင်ငံခြားရေးဝန်ကြီးဝီလီယမ်ဟေ့ဂ် William Hague၊ နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီးဂျပ်စတင်ဂရင်းနင်း Justine Greening၊ လေဘာပါတီခေါင်းဆောင်အက်ဒ်မီလီဘန်း Ed Miliband တို့နှင့်တွေ့ဆုံခဲ့သည်။
အောက်တိုဘာ ၂၄ - လန်ဒန်တွင် UK ဒုတိယဝန်ကြီးချုပ်နစ်ကလက်ဂ် Nick Clegg နှင့်တွေ့ဆုံခဲ့သည်။ ဘဲလ်ဖက်စ် Belfast တွင်မြောက်အိုင်ယာလန်တရားရေးဝန်ကြီးဒေးဗစ်ဖို့ဒ် David Ford၊ ပထမအတွင်းဝန်ဂျိုနာသန်ဘဲလ် Jonathan Bell နှင့်လက်ထောက်ပထမအတွင်းဝန်ဂျင်နီဖာမက်ကန်င် Jennifer McCann တို့နှင့်တွေ့ခဲ့သည်။ ဝယ်လင်တန်ကောလိပ်တွင်မိန့်ခွန်းပြောကြားခဲ့သည်။ မြောက်အိုင်ယာလန်၏အဓိကနိုင်ငံရေးပါတီများမှပါတီဝင်များနှင့်တွေ့ဆုံခဲ့သည်။
အောက်တိုဘာ ၂၅ - ဆန်းဟတ်စ် Sandhurst ရှိ တော်ဝင်စစ်တက္ကသိုလ်တွင် စကားပြောခဲ့သည်။

အီတလီ

အောက်တိုဘာ ၂၇ - ရောမတွင် ၁၉၉၄ ခုနှစ်က ထိုမြို့မှသူမအားအပ်နှင်းခြင်းခံရသော ရောမဂုဏ်ထူးဆောင်မြို့သားဆုကို လက်ခံရယူခဲ့သည်။
အောက်တိုဘာ ၂၈ - ဗာတီကန်စီးတီးတွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်နှင့်တွေ့ဆုံခဲ့သည်။ ရောမမြို့တွင် အီတလီဝန်ကြီးချုပ်အန်ရီကိုလက်တာ Enrico Letta၊ နိုင်ငံခြားရေးဝန်ကြီးအန်မာဘိုနီနို Emma Bonino တို့နှင့်သီးခြားစီတွေ့ဆုံခဲ့သည်။

အောက်တိုဘာလ ၂၄ ရက်နေ့တွင် BBC အင်တာဗျူးအတွင်း မြန်မာနိုင်ငံ၌မွတ်စလင်ဘာသာဝင်များအား မျိုးဖြုတ်ရှင်းလင်းမှုပြုလုပ်နေသည်ဟူသော စွပ်စွဲချက်ကိုငြင်းပယ်ခဲ့သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာများဖြစ်ခဲ့ရသည်။

မြန်မာနိုင်ငံမှ ၂၀၁၄ အာဆီယံဥက္ကဋ္ဌရာထူးကိုစတင်ရယူ

အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဘရူနိုင်းနိုင်ငံဘန်ဒါဆီရီဘက်ဂါဝမ်၌ပြုလုပ်သည့် အာဆီယံထိပ်သီးဆွေးနွေးပွဲနှင့် အခြားဆက်စပ်သောအစည်းအဝေးများအပြီးတွင် ၂၀၁၄ခုနှစ်အတွက်အာဆီယံဥက္ကဋ္ဌရာထူးကို မြန်မာနိုင်ငံမှတရားဝင်စတင်ရယူခဲ့သည်။ အောက်တိုဘာလ ၁၀ ရက်နေ့က အာဆီယံ-UN ထိပ်သီး အစည်းအဝေးသို့ပြောကြားသော သူ၏အဖွင့်မိန့်ခွန်းတွင် UN အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက နောက်လာမည့်အာဆီယံဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံအား ကြိုဆိုလိုက်သော်လည်း ဆက်လက်ဖြစ်ပွားနေသောလူ့အဖွဲ့အစည်းအကြား အကြမ်းဖက်မှုများအပေါ် စိုးရိမ်မိကြောင်းမှတ်ချက်ပေးပြောဆိုလိုက်ကာ နိုင်ငံအတွင်းရှိအုပ်စုအားလုံး၏လူ့အခွင့်အရေးကို အသိအမှတ်ပြုမှသာလျှင် မြန်မာနိုင်ငံမှပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ အောင်မြင်နိုင်ပါလိမ့်မည်ဟုပြောကြားလိုက်သည်။

တချိန်တည်းတွင်ပင် ၂၀၁၄ခုတွင်မြန်မာနိုင်ငံ၌ အာဆီယံလူထုအဖွဲ့အစည်းများ ညီလာခံ/အာဆီယံလူထုဖိုရမ် (ACSC/APF) ကျင်းပနိုင်ရန်အတွက် မြန်မာနိုင်ငံနှင့်ဒေသတွင်းမှ လူထုအဖွဲ့အစည်းများ (CSO) ၏ဒုတိယအကြိမ်မြောက်ဒေသတွင်း ညှိနှိုင်းရေးနှင့်အစီအစဉ်ရေးဆွဲရေးအစည်းအဝေးကို ရန်ကုန်တွင်အောက်တိုဘာလ ၂၀ နှင့် ၂၁ တို့တွင်ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် မြန်မာ့ CSO ၇၃ဖွဲ့နှင့် အခြားဒေသတွင်းလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အမျိုးသားစုစည်းမှုကော်မတီကိုဖွဲ့စည်းခဲ့ကာ ၂၀၁၄ခုညီလာခံအတွက်လုပ်ငန်းအစီအစဉ်ကိုလည်း ရေးဆွဲခဲ့ကြသည်။

စီးပွားရေး

စွမ်းအင်လုပ်ကွက်ကန်ထရိုက်များပေးအပ်

အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကုန်းတွင်းရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက် ၁၆ ခုအတွက် ရှာဖွေခွင့်နှင့်ထုတ်လုပ် ခွင့်ကန်ထရိုက်များရရှိခဲ့သောကုမ္ပဏီများကို အစိုးရစွမ်းအင်ဝန်ကြီးဌာနမှ ကြေငြာခဲ့သည်။ ကန်ထရိုက် ၁၆ ခုအနက် ၁၃ ခုမှာ ဝေမျှထုတ်လုပ်မှုကန်ထရိုက်များဖြစ်ကာ ၎င်းကန်ထရိုက်များအရလုပ်ခွင့်ရရှိသော ကုမ္ပဏီများသည်နိုင်ငံပိုင် မြန်မာ့ ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) နှင့်အကျိုးတူပူးပေါင်းလုပ်ကိုင်ရမည်ဖြစ်သည်။ ထိုကုမ္ပဏီများသည် MOGE အားအကျိုးအမြတ်၏ ၆၀% ကိုပေးရမည်ဖြစ်သည်။ ကုမ္ပဏီများသည် ထုတ်လုပ်ရရှိသောရေနံ၏အနည်းဆုံး ၂၀%နှင့် သဘာဝဓါတ်ငွေ့၏အနည်းဆုံး ၂၅%ကို ဈေးကွက်ပေါက်ဈေးမှ ၁၀% လျော့၍ ပြည်တွင်းဈေးကွက်သို့ရောင်းချပေးရမည် ဖြစ်သည်။ ကုမ္ပဏီများသည် သူတို့၏လုပ်ငန်းလည်ပတ်မှုများကြောင့်ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်သက်ရောက် မှုစမ်းစစ်ချက်များနှင့်လူမှုဘဝသက်ရောက်မှုစမ်းစစ်ချက်များကို လုပ်ဆောင်ရန်လည်းလိုအပ်မည်ဖြစ်သည်။

စွမ်းအင်ကန်ထရိုက်ရရှိသူများ	
#	ကုမ္ပဏီ
ဝေမျှထုတ်လုပ်မှုကန်ထရိုက်	
2	ENI (အီတလီ)
2	ONGC Videsh (အိန္ဒိယ)
2	Pacific Hunt Energy (ကနေဒါ)
2	Petroleum Exploration (ပါကစ္စတန်)
1	Bashneft (ရုရှား)
1	Brunei National Petroleum (ဘရူနိုင်း)
1	CAOG (လူဇင်ဘတ်)
1	Petronas (မလေးရှား)
1	PTTEP (ထိုင်း)
ရေနံပြန်လည်ထုတ်ခွင့်ကန်ထရိုက်များ	
2	MPRL E&P (ဗြိတိသျှ ဗားဂျင်းကျွန်းများ)
1	Petronas (မလေးရှား)

အောက်တိုဘာလအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၁	ဦးသိန်းစိန်သမ္မတအဖြစ်တာဝန်ယူပြီးချိန်ကတည်းက မြန်မာနိုင်ငံမှပြည်သူလူထုအများစု၏ စားဝတ်နေရေးအခြေအနေမှာ တိုးတက်လာခြင်းမရှိပါဟု ဒေါ်အောင်ဆန်းစုကြည်ကပြောကြားလိုက်သည်။
၁	နိုင်ငံသို့လစဥ်ပြောကြားသောမိန့်ခွန်းတွင် သမ္မတဦးသိန်းစိန်ကမြန်မာနိုင်ငံမှမီဒီယာများသည် အခြားသောအရှေ့တောင် အာရှနိုင်ငံများမှ ၎င်းတို့ကဲ့သို့သောမီဒီယာများထက် လွတ်လပ်ခွင့်ကိုပိုမိုရရှိခံစားကြရသည်ဟု ပြောကြားလိုက်သည်။
၁	ကလေးစစ်သားများအားဆက်လက်စုဆောင်းအသုံးပြုနေဆဲဖြစ်သည့် မြန်မာနိုင်ငံအပါအဝင်နိုင်ငံတော်တော်များများအား ၂၀၀၈ခုနှစ်ကလေးစစ်သားကာကွယ်စောင့်ရှောက်ရေးဥပဒေအရ အချို့သောစစ်ရေးအကူအညီများကို ပိတ်ပင်တားမြစ်ထားသည့် ကန့်သတ်ချက်များကိုအမေရိကန်သမ္မတဘားရက်အိုဘားမားက သက်တမ်းအသစ်ထပ်မံတိုးလိုက်သည်။
၃	လွှတ်တော်၏ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီမှ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့်လူတဦးချင်းတို့ထံမှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရန်အကြံပြုချက်များကို နိုဝင်ဘာလ ၁၅ ရက်နေ့နောက်ဆုံးထား၍ တင်ပြကြပါရန်ဖိတ်ခေါ်လိုက်သည်။
၃	ရခိုင်ပြည်နယ်မောင်တောမြို့နယ်မှဒေသခံအစိုးရအာဏာပိုင်များသည် ရွာသားများအားဆင့်ခေါ်ကာ 'ရိုဟင်ဂျာ' ဆိုသော အခေါ်အဝေါ်ကိုအသုံးပြုပါက ထောင်ဒါဏ် ၂ နှစ်ချမှတ်ခံရမည်ဟုသတိပေးပြောကြားလိုက်သည်။
၄	ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင်ကျား၊မတန်းတူညီမျှမှုရှိစေရန်နှင့် နိုင်ငံ၏အုပ်ချုပ်ရေးနှင့်ဥပဒေပြုရေးအာဏာပိုင်းဆိုင်ရာများတွင် အမျိုးသမီးများ၏ကိုယ်စားပြုပါဝင်မှုကို မြင့်တင်ရန်တောင်းဆိုလိုက်သည်။
၄	မိုင်းတွင်းများစောင့်ကြည့်ရေးမိုလိုအမျိုးသမီးကွန်ယက်နှင့် ကရင်နီလူထုအဖွဲ့အစည်းကွန်ယက်တို့မှ ပူးတွဲကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ ကရင်နီပြည်နယ်မှလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသောဒေသများတွင် အစိုးရမှမိုင်းတွင်းလုပ်ပိုင်ခွင့်ကန်ထရိုက်များချထားပေးခြင်းအား ပြင်းထန်စွာကန့်ကွက်ရှုံ့ချလိုက်သည်။
၄	အစိုးရနှင့် UWSP မှကိုယ်စားလှယ်များသည် လုပ်ဆောင်နေဆဲငြိမ်းချမ်းရေးလုပ်ငန်းစဥ်နှင့် ၂၀၁၄ခုနှစ်အမျိုးသားသန်းခေါင်စာရင်းကောက်ယူရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးနိုင်ရန်အတွက် ရှမ်းပြည်နယ်ပန်ဆန်းမြို့နယ်တွင်တွေ့ဆုံခဲ့ကြသည်။
၅	USDP မှကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ အကယ်၍လွှတ်တော်မှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရေးဆွဲခဲ့ပါက လူထုအနေဖြင့်မျှော်လင့်ထားသည့်ထက်ဆိုးဝါးသောအကျိုးဆက်များနှင့် ကြီးမားသောအန္တရာယ်ကိုရင်ဆိုင်ရလိမ့်မည်ဟုသတိပေးလိုက်သည်။
၅	ရန်ကုန်မြို့သင်္ဃန်းကျွန်းမြို့နယ်မှ မြေများသိမ်းယူခံရမှုအပေါ် ဆန္ဒပြရန်အတွက်ရန်ကုန်မြို့လယ်တွင် သပိတ်စခန်းဖွင့်လှစ်ထားသော ဆန္ဒပြသူရာပေါင်းများစွာတို့သည် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမှ သူတို့၏နစ်နာမှုများကို စစ်တပ်ထံသို့

	တင်ပြဆွေးနွေးပေးသွားရန် သဘောတူညီမှုရရှိပြီးနောက်တွင် ဆန္ဒပြမှုကိုအဆုံးသတ်ရန်သဘောတူခဲ့ကြသည်။
၅	သမ္မတဦးသိန်းစိန်သည်ဆိုးဝါးသောရာသီဥတုကြောင့် ကချင်ပြည်နယ်သို့သွားရောက်ရန်အစီအစဉ်ကို ဖျက်သိမ်းလိုက်သည်။
၆	မြန်မာနိုင်ငံလွတ်လပ်ရေးမရခင်က ကရင်လူထုအားဗိုလ်ချုပ်အောင်ဆန်းမှ ညီညွတ်ရေးအမှာစကားပြောကြားခဲ့သောဘောလုံးကွင်းမြေပေါ်တွင် ဟော်တယ်နှင့်ရှော့ပင်းမောလ်တည်ဆောက်ခြင်းအား လူ ၁၀၀၀ ကျော်တို့က ကရင်ပြည်နယ်၊ ဖားအံမြို့တွင် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။
၇	ဒေါ်အောင်ဆန်းစုကြည်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် တနိုင်ငံလုံးအနှံ့စည်းရုံးလှုပ်ရှားမှုတခုကို NLD မှ လုပ်ဆောင်သွားမည်ဟု ပြောကြားလိုက်သည်။
၇	ဖြစ်ပေါ်လာနိုင်သည့် တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး ဆွေးနွေးရန်သုံးရက်တာ UNFC အစည်းအဝေးကို ထိုင်းနိုင်ငံ၊ချင်းမိုင်မြို့တွင်စတင်ကျင်းပခဲ့သည်။
၇	သမ္မတရုံးဝန်ကြီးဦးအောင်မင်းဦးဆောင်သောအစိုးရကိုယ်စားလှယ်အဖွဲ့သည် လုပ်ဆောင်နေဆဲငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ဆွေးနွေးနိုင်ရန်အတွက် ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့တွင် လက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ (KNU, SSA-N, UWSA, ABSDF, NMSP, PNLO, SSA-S, TNLA, CNF, NDAA) မှကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့သည်။
၈	အစိုးရပြန်ကြားရေးဝန်ကြီးဌာနဒုဝန်ကြီးဦးပိုက်ထွေးက ဆက်သွယ်ရေးဥပဒေသစ်နှင့်ကိုက်ညီမှုရှိကြောင်းသေချာစေရန်အတွက် ပုဂ္ဂလိကရုပ်သံထုတ်လွှင့်မှုလုပ်ငန်းရှင်များနှင့်ချုပ်ဆိုထားသော လက်ရှိသဘောတူညီမှုစာချုပ်အားလုံးကိုအစိုးရမှ ပြန်လည်သုံးသပ်သွားမည်ဟုပြောကြားလိုက်သည်။
၈	အစိုးရအာဏာပိုင်များက ရခိုင်ပြည်နယ်၊သံတွဲမြို့နယ်ငပလီကမ်းခြေဒေသမှ မိုးချုပ်မှနံနက်ခင်းအထိညမထွက်ရအမိန့်ကို ပြန်လည်ရုတ်သိမ်းလိုက်သည်။
၈	UNICEF က ကလေးငယ်များအား အန္တရာယ်ဖြစ်စေသည့် ရခိုင်ပြည်နယ်မှလူ့အဖွဲ့အစည်းများအကြားအကြမ်းဖက်မှုကို အဆုံးသတ်ပါရန်တောင်းဆိုလိုက်သည်။
၁၀	နေပြည်တော်မှတရားရုံးတခုက NLD ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းအား ၂၀၁၂ခုဧပြီလ ၁ ရက်နေ့ကြားဖြတ်ရွေးကောက်ပွဲအတွင်းက မဲပြားများပုံမှန်မဟုတ်ခြင်းအပေါ် မှားယွင်းသောစွပ်စွဲမှုပြုလုပ်ခဲ့သည့်အတွက် ငွေဒဏ် ၁၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၁ ဒေါ်လာ) ချမှတ်ခဲ့သည်။
၁၀	ဗီယက်နမ်နှင့်မြန်မာအစိုးရတို့သည် ၁၄ ရက်အထိခရီးစဉ်များအတွက် မြန်မာနှင့်ဗီယက်နမ်နိုင်ငံသားများအား ဗီဇာကင်းလွတ်ခွင့်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။
၁၀	နိုင်ငံခြားတွင်နေထိုင်သောဆရာဝန်များစွာတို့အား မြန်မာနိုင်ငံသို့ပြန်မလာနိုင်ရန်တားမြစ်ထားသည့် နာမည်ပျက်စာရင်းမှ ဆရာဝန် ၁၁၁၀ တို့၏နာမည်များကို အစိုးရမှပယ်ဖျက်ပေးခဲ့သည်။
၁၀	သမ္မတဦးသိန်းစိန်သည် ဘရူနိုင်းနိုင်ငံဘန်ဒါဆီရီဘက်ဂါဝမ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။
၁၁	အစိုးရရွေးကောက်ပွဲကော်မရှင်ဥက္ကဌဦးတင်အေးက ၂၀၁၅ရွေးကောက်ပွဲမတိုင်ခင် နောက်ထပ်ကြားဖြတ်ရွေးကောက်ပွဲတကြိမ်ပြုလုပ်ရန်ကိုပယ်ဖျက်ခဲ့သည်။
၁၁	ထိုင်းနိုင်ငံမှကုန်ကျစရိတ်သက်သာသည့် Nok Air လေကြောင်းလိုင်းသည် ဘန်ကောက်နှင့်ရန်ကုန်ပျံသန်းဝန်ဆောင်မှုကို စတင်လိုက်သည်။
၁၃	အောက်တိုဘာလ ၉ ရက်နေ့က ဆိုးဝါးသောရာသီဥတုကြောင့်လှေနစ်မြုပ်အပြီးတွင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၃ ဦး၏အလောင်းများကို ထိုင်းနိုင်ငံ၊ရနောင်းခရိုင်ကမ်းခြေအလွန်တွင် ပြန်လည်တွေ့ရှိခဲ့သည်ဟု ထိုင်းအာဏာပိုင်များမှပြောဆိုခဲ့သည်။
၁၄	ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဦးဇော်အေးမောင်က ရခိုင်ပြည်နယ်၊သံတွဲမြို့နယ်မှဘာသာရေးအကြမ်းဖက်မှုများအား အစိုးရမှအားနည်းစွာတုန့်ပြန်ခဲ့မှုအပေါ်ဝေဖန်လိုက်ကာ ဒေသခံအာဏာပိုင်များ၏ခြစားမှုနှင့်အုပ်ချုပ်မှုလွဲမှားမှုများကြောင့် မငြိမ်မသက်မှုများဖြစ်ခဲ့ရသည်ဟုပစ်တင်ပြောဆိုလိုက်သည်။
၁၅	ပုဂ္ဂလိကလုပ်ကိုင်သူအနည်းငယ်အား အစိုးရမှအငှားချထားပေးသည့် ဒေသတွင်းရှိကန်များတွင် အာဏာပိုင်များမှသူတို့အားငါးဖမ်းခွင့်ပေးရန်တောင်းဆိုရန်အတွက် ကျေးရွာသား ၁၅၀ ခန့်တို့သည် ဧရာဝတီတိုင်းဒေသကြီးမအူပင်တွင်စုရုံးခဲ့ကြသည်။
၁၅	ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီး ဗိုလ်ချုပ်ထရန်ဒိုင်ကွမ် Tran Dai Quang နှင့်သမ္မတဦးသိန်းစိန်တို့သည် နေပြည်တော်မှအစည်းအဝေးအတွင်း ကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့သည်။
၁၅	တိုင်းရင်းသားဒေသများမှပဋိပက္ခများရပ်တန့်သွားသည်အထိ သံလွင်မြစ်ပေါ်မှရေကာတာစီမံကိန်းများအားရပ်ဆိုင်းထားပါရန် ရန်ကုန်ရှိသဘာဝပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားသူများက ထိုင်းနိုင်ငံအားတောင်းဆိုလိုက်သည်။
၁၆	တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများနှင့်နယ်စပ်လုံခြုံရေးကိစ္စများအားဆွေးနွေးနိုင်ရန်အတွက် တရုတ်သမ္မတရှီကျင့်ဖျင် Xi Jinping နှင့်ပီကင်းမြို့တွင်တွေ့ဆုံခဲ့သည်။
၁၇	တိုင်းရင်းသားလူထုအဖွဲ့အစည်း ၁၃၃ ခုတို့မှအိတ်ဖွင့်ပေးစာတစောင်ထုတ်ပြန်လိုက်ကာ US၊ UK နှင့်ဩစတေးလျတို့အပါ

	အဝင် အနောက်နိုင်ငံအစိုးရတော်တော်များများမှ မြန်မာ့တပ်မတော်နှင့်စစ်ရေးဆက်ဆံမှုပြန်လည်ပြုလုပ်မည့် ဆုံးဖြတ်ချက်အပေါ် စိုးရိမ်ပူပန်မှုကိုဖော်ပြခဲ့သည်။
၁၇	ဩစတေးလျအခြေစိုက် လူ့အခွင့်အရေးအဖွဲ့ Walk Free မှ "ကမ္ဘာအနှံ့ကျွန်ပိုင်ရှင်စနစ်အညွှန်း ၂၀၁၃" အမည်ရှိအစီရင်ခံစာတစောင်ကိုထုတ်ပြန်ခဲ့ကာ ထိုအစီရင်ခံစာတွင်မြန်မာနိုင်ငံ၌ ကျေးကျွန်များကဲ့သို့အခြေအနေဖြင့် နေထိုင်နေရသူ ၃၈၄၀၀၀ ဦးရှိသည်ဟုဖော်ပြထားသည်။
၂၀	တရုတ်နိုင်ငံယူနန်ခရိုင်မှစီမံကိန်း၏နောက်ဆုံးအပိုင်းပြီးစီးပြီးနောက် ကျောက်ဖြူ-ကူမင်းသဘာဝဓါတ်ငွေ့ပိုက်လိုင်းကိုအပြည့်အဝလည်ပတ်နေပြီဖြစ်သည်။
၂၁	၁၉၉၃ ခု ကလေးသူငယ်ဥပဒေအားပြင်ဆင်ရန်နှင့် ကလေးသူငယ်များအားအဓမ္မပြုကျင့်မှုအတွက် သေဒဏ်ချမှတ်ရန် NNDP ပါတီမှလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့် တင်ပြလာသောအဆိုကို ပြည်သူ့လွှတ်တော်မှကန့်ကွက်မဲ ၃၃၀ မဲ၊ ထောက်ခံမဲ ၁၉ မဲနှင့်ပယ်ချခဲ့သည်။
၂၁	ရခိုင်လူ့ထုအဖွဲ့အစည်းများနှင့်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၅၅ ဦးတို့သည်ကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ မြန်မာနိုင်ငံတွင်စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကို အကောင်အထည်ဖော်သည့်အချိန်အထိ ရခိုင်ပြည်နယ်မှသဘာဝအရင်းအမြစ်ထုတ်ယူမှုများကို ရွှေ့ဆိုင်းထားပါရန်တောင်းဆိုလိုက်သည်။
၂၁	ရန်ကုန်တွင်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် KNU ကိုယ်စားလှယ်က မြန်မာနိုင်ငံတွင်မကြာသေးခင်ကဖြစ်ပွားခဲ့သောဗုံးပေါက်ကွဲမှုများတွင် KNU မှပါဝင်ပတ်သက်ခြင်းမရှိပါဟု အလေးထားပြောဆိုလိုက်သည်။
၂၂	လေယာဉ်ဖြင့်လာရောက်ကာ ၁၄ ရက်အထိခရီးစဉ်များလည်ပတ်မည့် ထိုင်းနှင့်မြန်မာနိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်သဘောတူညီချက်ကို ထိုင်းအစိုးရမှအတည်ပြုလိုက်သည်။
၂၂	လာဘ်ပေးလာဘ်ယူပြုလုပ်သည်ဟူသော စွပ်စွဲချက်များပေါ်ထွက်လာအပြီး ရခိုင်ပြည်နယ်တရားရုံးချုပ်တရားသူကြီး ဒေါ်စီစီ၏ နှုတ်ထွက်စာကို သမ္မတဦးသိန်းစိန်မှလက်ခံခဲ့သည်။
၂၃	မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုဥက္ကဋ္ဌဦးသန်းငြိမ်း၏ နှုတ်ထွက်စာကို သမ္မတဦးသိန်းစိန်မှလက်ခံခဲ့သည်။
၂၃	ရန်ကုန်တိုင်းဒေသကြီးသန်လျင်မြို့နယ်မှအခမ်းအနားတခုတွင် ဒေသခံ ၆၈ ဦးတို့အားသီလဝါအထူးစီးပွားရေးဇုံကြောင့်ဆုံးရှုံးခဲ့ရသောမြေများအတွက် လျော်ကြေးအနေဖြင့်စုစုပေါင်း ၉၈၈ ဧကရှိသောမြေကွက်များကို အစိုးရမှနေရာချပေးခဲ့သည်။
၂၃	ရခိုင်ပြည်နယ်မောင်တောမြို့နယ်မှရဲများက ဒေသခံရိုဟင်ဂျာရွာသားများအား မြို့နယ်အတွင်းခရီးသွားလာလိုလျှင် ရဲစခန်း၌ သူတို့၏လက်ဗွေရာများကိုပေးရမည်ဟု အမိန့်ထုတ်လိုက်သည်။
၂၄	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက ဒေါ်အောင်ဆန်းစုကြည်မှသမ္မတအဖြစ်ဝင်ရောက်အရွေးခံနိုင်ခွင့်ရှိစေရန်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်သင့်သည်ဟုပြောကြားလိုက်သည်။
၂၄	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက မြန်မာနိုင်ငံ၏ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပိုမိုပေးမည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်အား ထောက်ခံကြောင်းဖော်ပြလိုက်သည်။
၂၄	ရှမ်းပြည်နယ်ကျိုင်းတုံမြို့နယ်မိုးလက်ကျေးရွာမှကျေးရွာသားများသည် ဒေသခံများရွာသားများထံမှသိမ်းယူထားသောမြေပေါ်တွင် ထိုင်းနိုင်ငံ Lumpoon Dun ကုမ္ပဏီမှဆောက်လုပ်ရန်စီစဉ်ထားသည့် ကျောက်မီးသွေးမိုင်းအားဆန့်ကျင်ကန့်ကွက်သည့်လှုပ်ရှားမှုပြုလုပ်ရန်အတွက် အဖွဲ့ဝင် ၂၀ ဦးပါဝင်သည့်ကော်မတီတခုကိုဖွဲ့စည်းလိုက်သည်။
၂၄	ရခိုင်ပြည်နယ်ကျောက်ဖြူမှတရားရုံးတခုက ကျောက်ဖြူ-ကူမင်းရေနံနှင့်သဘာဝဓါတ်ငွေ့ အပြိုင်ပိုက်လိုင်းအားငြိမ်းချမ်းစွာဆန့်ကျင်ဆန္ဒပြခဲ့သည့် ရခိုင်တက်ကြွလှုပ်ရှားသူ ၁၀ ဦးအားချမှတ်ထားသောထောင်ဒဏ် ၃ လမှ ၁ လလျှော့ပေးလိုက်ပါသည်။
၂၄	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက သမ္မတဦးသိန်းစိန်သည် ၂၀၁၅ ခုရွေးကောက်ပွဲတွင် သမ္မတဒုတိယသက်တမ်းကိုဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟုပြောကြားလိုက်သည်။
၂၄	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက ယခင် SPDC ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများအား အထူးစိတ်ဝင်စားစွာဖြင့်လိုက်လံစောင့်ကြည့်နေသော်လည်း သူကိုယ်တိုင်မူနိုင်ငံရေးတွင်ပါဝင်ပတ်သက်လိုခြင်းမရှိပါဟုပြောကြားလိုက်သည်။
၂၆	မလေးရှားသို့ဦးတည်သွားမည့် ပိုမိုကြီးမားသည့်လှေဖြင့်ချိတ်ဆက်ရန်ကြိုးပမ်းနေသော လူ ၁၅၀ ကိုသယ်ဆောင်လာသည့် လှေတစင်း နတ်မြစ်ထဲတွင်နစ်မြုပ်ခဲ့ရာ အနည်းဆုံး ၁၀ ဦးခန့်ရေနစ်သေဆုံးခဲ့သည်။
၂၇	တနင်္သာရီတိုင်းဒေသကြီးထားဝယ်မြို့နယ်မှ အစိုးရအာဏာပိုင်များသည် ထားဝယ်အထူးစီးပွားရေးဇုံနှင့်ဆက်စပ်သည့် အိမ်ရာစီမံကိန်းတည်ဆောက်ရေးအတွက် စပါးစိုက်ခင်း ၁၄ ဧကကိုသိမ်းယူခဲ့သည်။
၂၈	အောက်တိုဘာလ ၁၀ ရက်နေ့က အထောက်အထားများရှိပြီးဖြစ်သည့် မြန်မာအလုပ်သမား ၄ ဦးအားဖမ်းဆီး၊ ငွေညှစ်ခဲ့သည့် ဆမွတ်ဆခွန်ခရိုင်မှထိုင်းရဲအပေါ် တရားဝင်ပစ်တင်တိုင်ကြားမှုကို ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအသင်း (MAT) မှပြုလုပ်ခဲ့သည်။
၂၉	နှစ်စဉ်ပြုလုပ်သည့် ကမ္ဘာအနှံ့စီးပွားရေးလုပ်ကိုင်ရာတွင်အဆင်ပြေလွယ်ကူမှုအား စစ်တမ်းကောက်ယူရာတွင် ကမ္ဘာ့ဘဏ်ကငင်းတို့လေ့လာမှုပြုလုပ်ခဲ့သည့်နိုင်ငံပေါင်း ၁၈၉ နိုင်ငံအနက် မြန်မာနိုင်ငံအားအဆင့် ၁၈၂ သတ်မှတ်ခဲ့သည်။

၂၉	မြန်မာ့မြစ်များစောင့်ကြည့်ရေးကွန်ယက် (Burma Rivers Network) ကတိုင်းရင်းသားဒေသများတွင် ပဋိပက္ခများဖြစ်ပွားစေရန်မီးထိုးပေးနေသည့် သံလွင်မြစ်တလျှောက်ရေကာတာခြောက်ခုတည်ဆောက်ရန်အစီအစဉ်ကို အစိုးရမှရပ်တန့်ပေးပါရန် တောင်းဆိုလိုက်သည်။
၃၀	ကချင်ပြည်နယ်မိုးမောက်မြို့နယ်လိုင်ဇာတွင် အစိုးရ၏တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်နှင့်ပတ်သက်၍ ဆွေးနွေးရန်စည်းဝေးခဲ့ကြသည့် သုံးရက်တာညီလာခံ၏ပထမနေ့သို့ အနည်းဆုံးတိုင်းရင်းသားလက်နက်ကိုင် ၁၇ ဖွဲ့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။
၃၀	သမ္မတဦးသိန်းစိန်သည် နှစ်နိုင်ငံစစ်ရေးပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်လုံခြုံရေးနှင့်နယ်စပ်ပိုင်းခြားသတ်မှတ်ရေးကိစ္စများအား ဆွေးနွေးနိုင်ရန်အတွက် အိန္ဒိယကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ဘစ်ကရမ်ဆင်းမ် Bikram Singh နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။

အောက်တိုဘာလအတွင်းထုတ်ပြန်ခဲ့သောမြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

"မြန်မာနိုင်ငံမှတက်ကြွလှုပ်ရှားသူများနှင့်လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ဖမ်းဆီးအကျဉ်းချမှုအသစ်များ" Altsean-Burma http://bit.ly/1abqu8R

"စာတမ်း-မြန်မာနိုင်ငံတွင်လူ့အခွင့်အရေးချိုးဖောက်မှုများဆက်လက်ပြုလုပ်ရန်ပုဒ်မ ၁၈ အားအသုံးပြုခြင်း" နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) http://bit.ly/GEuvFY

"၂၀၁၃ခုစက်တင်ဘာလအတွက် မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများ၏လစဉ်မှတ်တမ်း" နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့(AAPP) http://bit.ly/19d2jUC

"မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေ - မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေအပေါ် အထူးကိုယ်စားလှယ်၏အစီရင်ခံစာ" Tomás Ojea Quintana http://t.co/27xlyDFd29

"မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေအပေါ်အစီရင်ခံစာ - ၂၀၁၃ခုဇန်နဝါရီလမှဇွန်လ", လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ) (ND-Burma) http://bit.ly/1ctFfVw

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားထိခိုက်စေခြင်း- ကချင်ပြည်နယ်မြောက်ပိုင်းပူတာအိုမှအရပ်သားများအပေါ်မြန်မာစစ်တပ်၏ရက်စက်ယုတ်မာမှုများ" ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံ (KWAT) http://bit.ly/1csybJJ

"နက်(အွန်လိုင်း)ပေါ်မှလွတ်လပ်ခွင့် ၂၀၁၃ခု-မြန်မာနိုင်ငံ" Freedom House http://bit.ly/18O4VYU

"အငြင်းပွားနေသောနယ်မြေ-တရားမမျှတသောမြေယာရရှိမှုနှင့်တိုးတက်မှုအတွက်အတားအဆီးများအား မွန်တောင်သူလယ်သမားများ၏ဆန့်ကျင်တွန်းလှန်မှု" မွန်ဒေသလူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) http://bit.ly/19yA3Zq

"ငြိမ်းချမ်းရေးနှင့်ပဋိပက္ခ၏စီးပွားရေး", Burma News International (BNI) http://bit.ly/1f2UGT0

"မြန်မာနိုင်ငံ၏တိုင်းရင်းသားစိန်ခေါ်မှုများ- စိတ်ဓါတ်တက်ကြွဖွယ်ရာများမှအဖြေသို့", Transnational Institute (TNI) & Burma Centrum Netherlands (BCN) http://bit.ly/GZ2KID

"ရခိုင်ပြည်နယ်သံတွဲမြို့နယ်သို့သွားရောက်ခဲ့သည့်အေဂျင်စီများအကြားမစ်ရှင် Inter-Agency Mission ၏တွေ့ရှိချက်နှင့်အကြံပြုချက်အစီရင်ခံစာ" လူသားချင်းစာနာမှုရေးရာကိစ္စများညှိနှိုင်းဆောင်ရွက်ရေးအတွက် UN ရုံး (OCHA) http://bit.ly/17qJdHy

"အကူးအပြောင်းကာလ၏အမှောင်ခြမ်းဝယ် - မြန်မာနိုင်ငံမှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှု" International Crisis Group (ICG) http://bit.ly/1hi65xw

"စီးပွားရေးလုပ်ကိုင်ခြင်း ၂၀၁၄" ကမ္ဘာ့ဘဏ် http://bit.ly/17UB66c

"ကမ္ဘာအနှံ့တီဘီရောဂါအစီရင်ခံစာ ၂၀၁၃" ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) http://bit.ly/1bVHM7x